


ကိုကို့မကြင်လည်း
ချစ်မှာပါ

# (၁)

“ဟေ့...မိမြူ ၊ သီရေတာ ထဲမှာ ဆရာခိုင် ဘာ ဖြစ်နေသလဲ မသိဘူး”

“ဘာ ဖြစ်နေလို့လဲ ဝင်းမာ”

ပန်မြူ ဝေက နားမှာ တွဲရွဲခိုနေသော နားပက်ကို ဖြုတ်နေရင်း မေးလိုက်သည်။

“သိပ် စိတ်ထိခိုက်နေသလိုပဲ၊ ကြည့်ရတာ ”

“အဲဒါ တို့ ဘာလုပ်ရမှာ လဲ”

ပန်မြူ ဝေသည် ဂရုမစိုက် ၊ အလေးမထားဟန် ပုံစံမျိုး ဖြင့် ပြောလိုက်သည်။

“နင်က ရောမ ကျောက်ရုပ်ပဲ မိမြူ ”

တူရိယာ ပစ္စည်းများ သိမ်းဆည်းနေသော လွှမ်းမောင်မောင်က ပန်မြူ ဝေကို ပြောလိုက်သည်။

“ဘာပြောတယ် မောင်မောင်”

ပန်မြူ ဝေသည် လွှမ်းမောင်မောင်၏ ရှေ့သို့ လျင်မြန်စွာ ရောက်ရှိသွားပြီး ခါးကလေးကို လက်နှစ် ဖက်ဖြင့် ထောက်ကာ မျက်နှာမှု နှမ့်မှု နှကလေးဖြင့် မေးလိုက်သည်။

“နင်ဟာ.....ယမင်းရုပ်ကလေး တစ်ရုပ်လို သိပ်လှပြီး ဖော့ဖယောင်းလို ပျော့ပျောင်းတဲ့ ကိုယ်ဟန်ရှိပေမယ့် နင့် အသည်းနှလုံး ကတော့ အဟင်း....အဟင်း.......... ကျောက်တုံးကတောင် အဘခေါ် ....”

“ ဒီမှာ ....မောင်မောင်၊ လေးလေးနက်နက် ထားရမယ့်ကိစ္စတစ်ခုကို နင်နဲ့ ဝင်းမာက ပေါ့ပေါ့တန်တန် သဘောထားနေကြတယ်နော် ”

”နင်တို့နှစ် ယောက် ကတို့ ဘဝကို တိုးတက်စေချင်တာလား၊ ပျက်ပြားဆုတ်ယုတ် စေချင်တာလား ”

"ဆရာခိုင်ရဲ့ အိမ်ထောင်ကို ပြိုကွဲစေချင်တာလား၊ တည်တံ့စေချင်တာလား........

လွှမ်းမောင်မောင်က မနီးမဝေးတွင် ရပ်နေသော ဝင်းမာဦးထံသို့ လှမ်းကြည့်လိုက်သည်။

"မိုးပေါ်က ဖိုးလမင်းကိုမှ လိုချင်လှချည်းရဲ့ လို့ ငိုနေတဲ့ ဆရာခိုင်ကို တို့ မချော့တတ်ဘူး မောင်မောင် "

"ရှင်းရှင်း ပြောရရင် ချော့လဲ မချော့ချင်ဘူး၊ အားပေး အားမြှောက်လဲ မလုပ်ချင်ဘူး....

"ဆရာခိုင်ဟာ တို့ရဲ့ ကျေးဇူးရှင်ပါ၊ သူ့ ကျေးဇူးကို တို့ တခြားနည်းနဲ့ ပဲ ဆပ်ချင်တယ်.....

"တစ်ဦး တစ်ယောက် ရဲ့ ဘဝတစ်ခုလုံးကို ဖျက်ပြီး သူ့ကို ကျေးဇူးဆပ်တဲ့ အလုပ်မျိုး ကိုတော့ တို့ ဒီတစ်သက် မဟုတ်ဘူး၊ နောင် ဆယ်သက်လဲ မလုပ်နိုင်ဘူး၊ ဆရာခိုင်ကို ပြောလိုက်၊ တို့ ပြန်ပြီလို့....."

ပန်းမြူ ဝေသည် သူ၏ အလှအပ ပစ္စည်းများ ကို ထည့်သိုသော အိတ်ကို ဆတ်ခနဲ ဆွဲကောက်ပြီး အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားတော့၏ ။

"ဟင်း.."

လွှမ်းမောင်မောင်သည် ပင့်သက်ရှိုက်ရင်း သူ့ လက်ထဲက မိုက်ကရိုဖုန်းကို ကြည့်နေ၏ ။

"မိမြူ ကတော့ တကယ် ပြတ်တယ်"

ဝင်းမာဦးက မကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။

"သူ ပြောတော့လည်း ဟုတ်နေတာဘဲ ဝင်းမာ၊ ဟင်း....ခက်တယ်ကွာ၊ တို့တော သူတို့ နှစ် ယောက် ကြားမှာ သိပ်စိတ်ညစ်ရတယ်"

"ဝင်းမာလည်း ဒီလိုပါပဲ၊ ဆရာခိုင်ကိုလည်း သနားတယ်၊ ဘာလုပ်ပေးရမှန်းလည်း မသိတော့ဘူး"

"သိတာတွေ မသိတာတွေ အသာခေါက်ထား၊ အိမ်ပြန်ဖို့ လုပ်လေ၊ ဘယ်နှစ်နာရီ ရှိပြီလဲ"

"ပြန်ဖို့ အာလုံးအသင့်ပါဘဲ၊ မောင်မောင်ကော "

"နင် သိသားပဲဟာ ၊ ဆရာခိုင် ပြန်မှ ငါ ပြန်ရမယ်ဥစ္စာ၊ ကဲ... ကဲ..သွားတော့..သွားတော့ "

တက်သစ်စ စတီရီယို အဆိုကျော်ကလေး ဝင်းမာဦးလည်း သူ့ ပစ္စည်းပစ္စယကလေးများ ကို လက်တွင် ဆွဲကာ အခန်းတွင်းမှ ထွက်ခွာသွားတော့သည်။

လွမ်းမောင်မောင်သည် သူ့ တာဝန် ဖြစ်သော ပစ္စည်းများ သိမ်းဆည်းရေး ကိစ္စ ပြီးသည်နှင့် တစ်ပြိုင်နက် ဆရာခိုင်မင်းလှိုင် ရှိနေသော သီရေတာ ခန်းမကြီးထဲသို့ ဝင်လာခဲ့သည်။

မြောက်များ လှစွာ သော ထိုင်ခုံများ ကြားတွင် ဆရာ ခိုင်မင်းလှိုင်သည် တစ်ယောက် ထီးတည်း။

ဆရာ ခိုင်မင်းလှိုင်သည် မှု န်ရီမှိုင်းဝေနေသော မျက်လုံးများ ဖြင့် ၊ တပည့်ဖြစ်သူကို လှမ်းကြည့်လိုက်သည်။

"ကိစ္စတွေ ပြီးခဲ့ပြီလား မောင်မောင်"

"ဟုတ်ကဲ့"

"ပန်မြူး ဝေ ပြန်သွားပြီ မဟုတ်လား "

"ဟုတ်ကဲ့ "

" အဟင်း.... ကောင်းပါတယ်လေ၊ ဒီလိုပြတ်သားနိုင်တာ အကောင်းဆုံးပါပဲ ........

“နှစ် ယောက် စလုံး မပြတ်သားကြရင် ပစ်တိုင်းထောင် ရုပ် ကြိုး ရှုတ်ကုန်မှာ ပေါ့၊ ဟုတ်တယ် မဟုတ်လား အဟင်း...ဟင်း....ဟင်...”

” ပြန်ကြပါစို့ ဆရာခိုင် ”

“ငါ့မှာ စိတ်ညစ်စရာတွေ အများ ကြီး ရှိသေးတယ် မောင်မောင်၊ ငါ ဒီည မူးပစ်ချင်တယ်ကွာ.....

“ တစ်လောကလုံး ဘာမှမသိအောင် မူးပစ်ချင်တယ် ၊ဒီညတော့ ငါ့အလိုကို မင်းလိုက်ရမယ် မောင်မောင်”

လွမ်းမောင်မောင်သည် လွန်စွာ စိတ်ရှုတ်ထွေး လှဟတ်ဖြင့် ကျိတ်၍ ပင့်သက်ချလိုက်သည်။

“ ကဲ့ပါ ဆရာရယ် ပြန်ကြပါစို့ ၊ဆရာခိုင် ဖြစ်စေချင်သလို ဖြစ်ရပါစေမယ် ”

“ တော် တယ်..... မင်း သိပ်တော် တယ် မောင်မောင်.....

” မင်းတော့ သိပ်ကို တိုးတက်ကြီးပွားဦးမယ် ၊ ငါ့ စကားမှတ်ထားလိုက် ”

လွမ်းမောင်မောင် ဆရာ ခိုင်မင်းလှိုင်ကို တွဲ ထူလိုက်သည်။

အပြတ်သေးသော အရက်နံ့များ လှိုင်ခနဲ့ သူ့နှခေါင်းထဲသို့ တိုးဝင်လာ၏ ။

လွမ်းမောင်မောင် အသက်ကို မရှုဘဲ အောင့်ထားလိုက်မိသည်။

“ အချစ်မှာ မတရားဘူးဆိုတာ မရှိဘူး၊ မောင်မောင် မင်းသိတယ် မဟုတ်လား ”

“ မြ့ူ ကို ငါသိပ်ချစ်မိတာ မတရားဘူးလို့ မင်းထင်သလားဟင် အဟင်း...... ဟင်း...

“ မတရားဘူးတဲ့ လုံးဝ မတရားဘူးလို့ မြူ့ က ငါ့ကို ပြောသွားတယ်၊ အဟင်း.....ဟင်း...ဟင်... ”

မာ ဇ ဒါ လေးဘီးကား ကလေး၏ ရှေ့ခန်းတွင် လွမ်းမောင်မောင်က သူ့ ဆရာ

ခိုင်မင်းလှိုင်ကို ထိုင်စေလိုက်သည်။

တံခါးလည်း အသေအချာ ချက်ချပြီးမှ ယာဉ်မောင်း ခန်းဘက်သို့ သူ ဝင်ထိုင်လိုက်သည်။

သူ့မှာ ဆရာခိုင်းမင်းလှိုင်အတွက် နှစ် သိမ့်စရာ စကားက တစ်ခွန်းမှ ရှာမရနိုင်ဘဲ ဖြစ်နေ၏ ။

"မောင်မောင် "

" ခင်ဗျာ "

"မြူး က လူနသလောက် သိပ် အသည်းမာတယ်၊ မင်း သိလား "

လွှမ်းမောင်မောင် မည် သို့ ဖြေရမည် နည်း။

" အဟင်း...ဟင်း..မင်း ဘယ်သိမလဲ၊ ငါ သိတာကို မင်း မသိနိုင်ဘူး မောင်မောင် "

" သူလေ....သူ ...ပန်မြူဝေ ဆိုတဲ့ အလှနတ် ဘုရားမလေးရဲ့ အသဲနှလုံးက ကျောက်ဆစ်ကျောက်သားတွေ ကွ...

" အံ့ရော မောင်မောင်ရာ၊ အံ့ရော သူ့ အချစ်ကို ဒူးထောက်တောင်းခံနေတဲ့ ငါသာ နေရာမှာ ဗုန်းဗုန်းလဲကျပြီး သေသွားနိုင်တယ်၊ သူ ကတော့ တုံလှုပ်ပုံး လုံးဝ မရှိဘူး ...

" အင်း ... မင်းလေးကို အရှုံးပေး လိုက်ပါပြီး မြူး ၊ အရှုံးပေးလိုက် ပါပြီး ၊ ဒီနေ့ဟာ မင်းကို ငါနောက်ဆုံး ချစ်ခွင့်ပန်းခြင်း နေ့ပါပဲ.....

" ဟုတ်တယ် မောင်မောင် ၊ သူ့ကို ငါ မမုန်းနိုင်ပေမယ့် မချစ်တတ်အောင် နေဖို့ ငါ ဆုံးဖြတ်လိုက်ပြီး "

" ဆရာခိုင် ဆင်းကြစို့ ၊အိမ်ရောက်ပြီ "

" အိမ်ရောက်ပြီ ဟုတ်လား "

“ ဟုတ်ကဲ့ ၊အိမ် ရောက်ပါပြီ ”

“ ဘယ်မှာ လဲ ငါ ပြောထားတာ မောင်မောင် ဒီညတော့ ငါမူးမှ ဖြစ်မယ် ၊ ငါ အရက် လိုချင်တယ် မောင်မောင် ”

“ ရှိပါတယ် ဆရာ့အတွက် လိုရမည် ရ ဝယ်ထားတဲ့ ပုလင်း ကျွန်တော့မှာ ပါလာတယ် ၊ လာပါ ဆရာရယ်၊ အိမ်ပေါ် တက်ကြရအောင် ”

ဆရာခိုင်မင်းလှိုင်သည် သိုင်းကွက်နင်းသော ခြေလှမ်းများ ဖြင့် သူ့ ငှားရမ်းနေထိုင်သော အိမ်ကလေး၏ လှေကားပေါ်သို့ တက်နေ၏ ။

လွှမ်းမောင်မောင်သည် သူ့ ဆရာကို တစ်ဖက်က ပွေ့ပြီး တစ်ဘက်က ခတ်ထားသော သော့ ကို ဖွင့်လိုက်သည်။

ထစ်ဘက်ခန်းက အိမ်ရှင် အဒေါ်ကြီး အိမ်ရှေ့ မီးပွင့်ပြီး ပြတင်းပေါက်က ခေါင်းပြူကြည့်လာ၏ ။

“ ထုံးစံအတိုင်းပဲလား ဟေ့ ”

“ ကျုပ် ထုံးစံကို ခင်ဗျား သိရက်နဲ့ မေးနေရသလား ဒေါ်မြိုင် ၊အိပ်ရေး ပျက်ပါတယ်ဗျာ ၊စောင့်မေးရတာ ”

အိမ်ရှင့် အဒေါ်ကြီး၏ တံခါး ဂျိုင်းခနဲ့ ပြန်ပိတ်သွားတော့သည်။

“ကောက်သွားပြီး ၊ အဟား..ဟား...ဟာ.... သူလေးလဲ ကောက်သွားပြန်ပြီ ၊ ဟပ်ချလောင်းသွားပြန်းပြီး တစ်ယောက် ”

ဆရာခိုင်မင်းလှိုင်သည် ပက်လက် ကုလားထိုင် ပေါ်တွင် ခြေပစ် လက်ပြစ်ထိုင်ချလိုက်ပြီး အဟင်းဟင်း ရယ်နေ၏ ။

လွှမ်းမောင်မောင်သည် သူ လွယ်လာသော လွယ်အိတ်ထဲမှ ရမ် အရက် တစ်ဝက်ပါသည့် ပုလင်းကို ဆရာခိုင်မင်းလှိုင်၏ နံဘေး စားပွဲပေါ်တွင် တင်ပေးပြီး ဖန်ခွက်နှင့် ရေ မတ်ခွက် တစ်ခွက်ကို ချပေးလိုက် သည်။

“တော် တယ်..... မင်း သိပ်တော် တယ် မောင်မောင် ၊ မင်း သိပ် ကြီးပွားဦးမယ့် ကောင်.....

“ငါ့တပည့် မင်းကိုလေ ဆရာ သိပ်..သိပ် ချစ်တယ်ကွာ ”

“ဆရာခိုင်... ထပ် မသောက်ဘဲ အိပ်လိုက်ရင် ကောင်းမယ် ထင်တယ် ”

“ငါ သောက်မယ်.... ထပ် သောက်မယ် ၊ မင်း ငါ့ အတွက် စိတ်ပူနေလား လွှမ်းမောင်မောင် ၊ မပူနဲ့ .... မပူနဲ့ ....

“မင်း ပူမယ့်လူက မင်းကို အိမ်က ထိုင်စောင့်နေတဲ့ မင်း မိန်းမ ယုနဲ့ သားလေး ဇော်၊ ကဲ...ပြန်တော့... ပြန်တော့..”

လွှမ်းမောင်မောင်၏ ပခုံးကို တွန်းလွှတ်နေသဖြင့် လွှမ်းမောင်မောင်လည်း ခေါင်းကို လေးတွဲ စွာ ယမ်းခါပြီး နေရာမှ ထ လိုက်ရတော့သည်။

*

အနုပညာလောကတွင် မိမိဘဝကို မြေတောင် မြှော က်ပေးနေသော ဆရာသမားကြီးကို မချေမင့် စကားတွေ ပြောပစ်ခဲ့ရသဖြင့် ပန်မြူး ဝေ တစ်ယောက် စိတ်မကောင်းခြင်း များ စွာ ဖြစ်မိနေ၏ ။

ဆရာခိုင်မင်းလှိုင်နှင့် ရှေ့ဆက်လက်တွဲ ၍ အလုပ် လုပ်ရကောင်းလေ မလား၊ သို့တည်း မဟုတ် လက်တွဲ ဖြုတ်၍ တခြားဝိုင် တစ်ခုခုကိုပဲ ပြောင်းပြေးရ ကောင်းလေမလားဟုလည်း ဝေခွဲမရ ဖြစ်နေ၏ ။

“ဟေ့.....မြူး ၊ မကြည်မလင်နဲ့ ပါလား ၊ ဘာတွေ ဖြစ်လာသလဲဟင် ”

အဆောင်တွင် ပန်မြူး ဝေနှင့် အခန်းတွဲ နေရသော သစ္စာက မေးလိုက်သည်။

“ အရမ်း စိတ်ညစ်လာတယ်ကွာ ”

ပန်မြူး ဝေသည် သူ့လက်ထဲက ပစ္စည်းများ ကို ချပြီး ခုတင်ပေါ်တွင် စိတ်ပျက်လက်ပျက် အမူအရာဖြင့် ထိုင်ချလိုက်သည်။

“ ဟယ်... ဘာ ဖြစ်လာလို့လဲ ၊ သစ္စာ မသိရဘူးလား ဟင် ”

သစ္စာသည် ပန်မြူးဝေ၏ ခုတင်စွန်းတွင် ထိုင်ချပြီး အိစက်ဝင်းမွတ်နေသော လက်ကလေးကို လှမ်း၍ ဆုပ်ကိုင်ကာ မေးနေ၏ ။

သစ္စာသည် ရိုးသား အေးဆေးသော မိန်းကလေး တစ်ယောက် ဖြစ်သည့်အပြင် အနေအထိုင် ကျစ်လျစ်သိမ့်မွေ့ သူလည်း ဖြစ်၏ ။

စိတ်ကောင်းလည်းရှိသူမို့ သူ့ကို ပန်မြူး ဝေသည် ညီမအရင်း တစ်ယောက် ကဲ့သို့ ခင်မင်နေ၏ ။

ဆိုးအတူကောင်းအတူ သူနှင့် ပန်မြူး ဝေသည် တိုင်ပင်ဖော် တိုင်ပင်ဘက်လည်း ဖြစ်ကြသည်။

သည်တော့ သူသည် သစ္စာကို ထိမ်ကွယ်ထားရန် အကြောင်း ဘာမှမရှိ၊ ထို့ကြောင့် လည်း..

“ ဆရာ ခိုင်ပေ့ါကွာ ”

“ ဘာလဲ ၊ဆရာခိုင်က နလုံးသား ရေး ရာတွေ တင်ပြလာပြန်ပြီးလား ဟင် မြူး ”

“ အင်း ”

ပန်းမြူး ဝေက ဦးခေါင်းကို ဆတ်ကနဲ့ ညိတ်ပြလိုက်သည်။

“ ဆရာခိုင်က အနုပညာလောကမှာ ပန်းချီ ဆွဲမလား ရရဲ့ ၊ သီးချင်းစပ်မလား ရရဲ့ ၊ဒါရိုက်တာလုပ်မလား ရရဲ့ ....

“ အိုကွာ ဆရာခိုင်ဟာ ပါရမီထူးသူ တစ်ယောက် ဆိုတာ အားလုံး

လက်ခံထားကြတယ်....

“ ဒါပေမယ့် ဆရာခိုင်းဟာ အလှအပ မြင်တိုင်း တပ်မက်တဲ့ စိတ် ရှိနေတာတော့ သိပ်ခက်တာပဲ သစ္စာ ”

“အင်း သစ္စာလည်း ဆရာခိုင်း အကြောင်း ကြားဖူးနေပါတယ်၊ ဒါကြောင့် လဲ မြူး အတွက် စိုးရိမ်ပြီး သစ္စာ ပြောပြောနေရတာ ပေါ့ ”

“ ဝင်းမာ အကြောင်းတော့ သိတယ် မဟုတ်လား၊ သူက ဆရာခိုင့် လူ၊ မောင်မောင် ကတော့ မြူး သဘောထားကို နားလည်တယ်....

“ ဟင်း...ခက်လိုက်တာ သစ္စာရယ် ၊ မြူး ဘဝက မကောင်းလိုက်တာ လွန်ရောပဲ၊ ဒေါ်လေးငယ်ကို ခြေစုံကန်ပြီး ထွက်လာရတာ လဲ ဒေါ်လေးငယ် ယောကျ်ားရန်ကို မြူး ကြောက်ရလို့.........

“ ဒီလို ရောက်လို့ ကိုယ် ဝါသနာပါတဲ့ အနုပညာနဲ့ တိုင်းကျိုး ပြည်ကျိုး ပြု့ မယ်လို့ တိုးတက်မယ်ကြံကာ ရှိသေး အနှောက်အယှက်တွေ က ဝင်လာတယ်....

“ မြူး က သိပ်လှနေတာကိုးကွယ့် ”

“အဲဒါကြောင့် ခက်နေတာပေါ့ သစ္စာ ၊ မြူး မေမေနဲ့ ဖေဖေက မြူး ကို သူမတူတဲ့ အလှမျိုး ရှိအောင် မွေးပြီး လောက အလယ်မှာ တစ်ယောက် တည်း ပစ်သွားခဲ့ကြတယ်.....

“မြူး ရဲ့ အလှက မြူး ကို ကောင်းကျိုး ထက် ဆိုးကျိုး ကိုသာ ဖန်တီးနေတယ်...

“မြူး မလှချင် နေပါစေ သစ္စာ ၊ မြူး တည်ငြိမ်တဲ့ ဘဝတစ်ခုကိုပဲ ရရင် တော် ပြီ ”

သစ္စာသည် ပြစ်မျိုး မှဲ့မထင် ခြောက်ပြစ်ကင်းစင်အောင် လှလွန်းနေသော ပန်မြူ း ဝေ၏ မျက်နှာ နုနုလှလှကလေးကို ကရုဏာသက်လှဟန်ဖြင့် ကြည့်နေ၏ ။

“မနက်ဖြန်ကျရင်တော့ ဘာသတင်းကြားရမလဲ မသိဘူး၊ မနက်ဖြန်မှာ မင်္ဂလာဆောင် တစ်ခုအတွက် သီချင်းတိုက်ဖို့ ရှိနေတယ် ”

“ကဲပါ မြူး ရယ်၊ အဝတ်စားလဲပြီး ရေမိုးချိုး လိုက် ၊စိတ်ကလေး လန်းဆန်းသွားအောင်လို့.....

“သိပ် ခက်ခဲတဲ့ အခြေအနေတွေ ဖြစ်လာရင်တော့ ဆရာခိုင့် ဝိုင်းနဲ့ အဆက်ဖြတ်လိုက်တော့.....

“ခုဆိုရင် မြူး ကို ကြိုက်တဲ့ ပရိသတ်က များ လာပြီဆိုတော့ တခြားဝိုင်းတွေ ကလည်း မြူး ကို စိတ်ဝင်စားနေကြတာပဲ “

“သူ့ကို ကန်ထွက်သွားတယ်၊ ကျေးဇူးကန်းတယ်ဆိုတာတွေ မြူး ကြားရမှာ ရင်အနာဆုံးဘဲ သစ္စာ ”

“ဒါဆိုလဲ မိုလ်ချုပ်ဈေးမှာ သစ္စာရဲ့ အဒေါ် အထည်ဆိုင်ရှိတယ်...

“လောလောဆယ် မြူး စားရေး သောက်ရေး အတွက် မပူရအောင် အလုပ်စာရေး မ ဝင်လုပ်လို့ရတယ်၊ သစ္စာ ပြောပေးမယ်လေ”

“အင်း .....နောက်ဆုံး အခက်အခဲ ကြုံလာရင်တော့ သစ္စာရဲ့ ဒေါ်ဒေါ်ဆိုင်မှာ ပဲ ဝင်လုပ်တော့မယ်“

“ကဲ...ဒါဆိုလဲ ထ၊ ရေချိုး .. ပြီးရင် ချင်းသုပ် စားရအောင်၊ သစ္စာ ရွှေတောင်တန်းက ချင်းသုပ် ဝယ်လာတယ်“

ပန်မြူး ဝေလည်း လေးတွဲ သော လှုပ်ရှားမှု ဖြင့် ထိုင်ရာမှ ထ လိုက်သည်။

*

ပန်မြူး ဝေသည် စကားတွေ တစ်ဝကြီး ပြောပြီး အိပ်ပျော်သွားပြီး ဖြစ်သော သစ္စာကို ခြင်ထောင်ချပေးလိုက် ပြီး မိမိ၏ ခုတင်ဆီသို့ လျှောက်ခဲ့သည်။

စားပွဲတင် နာရီကလေး၏ လက်တံများ က ဆယ့်တစ်နာရီကို ညွှန်ပြနေပြီ ဖြစ်သော်လည်း ပန်းမြူ ဝေ တစ်ယောက် အိပ်စက်မရနိုင်ဘဲ ရှိနေ၏ ။

ဆရာခိုင်မင်းလှိုင်းနှင့် တွဲ ရေး ခွဲရေး ပြဿနာသည် သူ့အတွက် ကြီးမားသော ပြဿနာ တစ်ရပ် ဖြစ်နေ၏ ။

အကယ်၍ သာ သူ့တွင် အားကိုးစရာ ရှိမည် ဆိုလျှင် ပန်မြူ ဝေ ဤမျှလောက် စိတ်ဆင်းရဲ မည် မဟုတ်။ ယခုတော့ လောက အလယ်တွင် သူသည် တစ်ယောက် ထီးတည်း။

မေမေ...ဖေဖေတို့ရယ် မြူ ကို ဘာ ဖြစ်လို့များ ဒီလောကကြီးထဲ ဆွဲသွင်းခဲ့ကြတာလဲ ရှင်။

သိပ် ချစ်ခဲ့ရတဲ့ မေမေ၊ သိပ် ချစ်ခဲ့ရတဲ့ ဖေဖေကိုပင် မြူ နာကြည်းမိချင်လာ၏ ။

စဉ်းစားရင်း.....စဉ်းစားရင်း ပန်မြူ ဝေ၏ မျက်ဝန်းလဲ့ ပြာပြာ တစ်စုံမှ မျက်ရည်တို့ သွယ်ဆင်းကျလာကြကုန်၏ ။

ပန်မြူ ဝေသည် လှိုင်းခတ်သည့်ကဲ့သို့ လှုပ်ရှားလာနေသော ရွှေရင်မို့မို့ ကလေးပေါ်တွင် လက်ကို ဖိကာ မျက်စိ အစုံကို တအား မှိတ်ထားလိုက်သည်။

*

# (၂)

" မြူး ....မြူး ။"

" ဟင်.....ဘာလဲ သစ္စာ ၊ ဘာ ဖြစ်တာလဲ ဟင် "

ပန်မြူး ဝေသည် အိပ်ရာမှ ဆတ်ခနဲ ထပြီး သစ္စာ၏ မျက်နှာကို ပြူး ဝိုင်းသော မျက်လုံးများ ဖြင့် ကြည့်နေ၏ ၊

"ခုပဲ လွမ်းမောင်မောင်ဆီက ဖုန်း လာတယ်"

"မောင်မောင် ဆက်တယ်...ဘာတဲ့လဲ "

"ဟို..ဟိုလေ ဆရာခိုင် ဆုံ.....ဆုံးသွားပြီးတဲ့ "

"ဟင် ..."

ပန်မြူး ဝေ တုန်လှုပ် ချောက်ချားသွားသည်။

"မြူး ...မြူး "

သစ္စာက ပန်မြူး ဝေ၏ ပခုံးလေးကို ဖက်ကာ ထားလိုက်သည်။

"သူ....သူ ဆုံးပြီး၊ သူ.. သူ ဘာ ဖြစ်လို့ ဆုံးတာတဲ့လဲ၊ သူ အကောင်းကြီးပါ၊ မနေ့ညက အကောင်းကြီးပါ"

ဘယ်က ဘယ်လို ကျလာမှန်း မသိသော မျက်ရည်တွေ က ပန်မြူး ဝေ၏ မျက်နှာပေါ်တွင် ရွှဲနစ်နေ၏ ၊

"မြူး ကြောင့် ပဲ နေမှာ ပဲ သစ္စာရဲ့ ၊ မြူး တရားခံ ဖြစ်ပြီ၊ မြူး တရားခံ ဖြစ်ပြီ၊ အဟင့်..ဟင့်...ဟင်"

"မြူး ...မြူး စိတ်ကို တင်းထားစမ်းပါကွယ် ၊ ဒီလောက်ကြီး စိတ်ကို လျှော့မပစ်စမ်းပါနဲ့ "

”မြူး သွားမယ်၊ ဆရာခိုင့်ဆီ မြူး သွားမယ်”

”ကဲ..ကဲ အဝတ်အစားလဲ၊ သစ္စာလဲ လိုက်ခဲ့မယ်”

“ဟင့်အင်း…အဲဒီ အတိုင်းပဲ သွားမယ်”

ပန်မြူး ဝေသည် ဆံပင်ဖားလျား၊ တစ်ပတ်နွမ်း ထဘီ အင်္ကျီနှင့် ပင် သစ္စာနှင့် အတူ အငှားကား တစ်စီးဖြင့် ဆရာခိုင်မင်းလှိုင် ငှားနေသော ကြည့်မြင်တိုင် နတ်စင်လမ်းရှိ နေအိမ်သို့ ရောက်ရှိခဲ့ကြ၏ ။

ဆရာခိုင်မင်းလှိုင်၏ ရုပ်အလောင်းကို မတွေ့လိုက်ရတော့ပါ။ ဆေးရုံးကားနှင့် သီသီလေး လွဲခဲ့ရ၏ ။

“ဘယ်လို ဖြစ်တာလဲ မောင်မောင်ရယ်”

ပန်မြူး ဝေက ဦးခေါင်းငိုက်စိုက်ချထားသော မောင်မောင်၏ လက်မောင်းကို ကိုလှုပ်ကာ ငိုရှိုက်ရင်း မေးနေ၏ ။

“ခုမှ မျက်ရည် လာကျမနေနဲ့ မြူး ၊ ဆရာခိုင် ပြန်ရှင်လာမှာ မဟုတ်ဘူး ”

ဝင်းမာဦးက စူးစူးရဲရဲ မျက်လုံးများ ဖြင့် ပန်းမြူး ဝေကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

“ဝင်းမာ ဒီလိုမပြောနဲ့ ဟာ”

“ မဟုတ်လို့လား မောင်မောင် ၊ ဆရာခိုင် ခုလို ဖြစ်ရတာ တစ်တရားခံက မြူး မဟုတ်လို့ ဘယ်သူလဲ”

ဘာပြောရမှန်း မသိဘဲ တစ်ကိုယ်လုံး တုံကာ ယိုင်ခွေကျတော့မယောင် ဖြစ်နေသော ပန်မြူး ဝေကို သစ္စာက ထိန်းဖက်ထားလိုက်ပြီး ဝင်းမာဦးကို ဆတ်ခနဲ့ ကြည့်လိုက်သည်။

“မင်း စကားကို ကြည့်ပြောပါ ဝင်းမာဦး၊ မိန်းကလေးချင်း စာနာတဲ့ စကားမျိုး ပဲ

မင်း ပြောသင့်ပါတယ်.....

“ဆရာ ခိုင်မင်းလှိုင် ဘာကြောင့် ပဲ သေသေ သူ့အကြောင်းနဲ့ သူ၊ သူ့ ဖန်တီးမှု နဲ့ သူ ဖြစ်ရတာ ပါ”

“ဟုတ်တယ်...ဟုတ်တယ်၊ သူ့ ဖန်တီးမှု နဲ့ သူ ဖြစ်သွားတာ ၊ သစ္စာ ပြောတာ မှန်တယ်..

“ပတ်ဝန်းကျင်က မြူး ကို အထင်အမြင် မှား အောင် ဒီစကားမျိုး တွေ ဆက်မပြောနဲ့ တော့ ဝင်းမာ ”

လွှမ်းမောင်မောင်က ဝင်၍ ဟန့်ထားလိုက်၏ ။

“ဟွန့်”

ဝင်းမာသည် ဟွန့်ခနဲ သူ့မျက်နှာကို မဲ့ပြီး ပိုက်ဆံ အိတ်ကို ကောက်ကိုင်ကာ အိမ်ပေါ်မှ ဆင်းသွားတော့သည်။

“မြူး ..ထိုင်...ထိုင်လိုက် ”

သစ္စာက ပန်မြူး ဝေကို ထိုင်ခုံတစ်ခုဆီသို့ တွဲ ခေါ်သွားပြီး ထိုင်ခိုင်းလိုက်သည်။

ပန်မြူး ဝေသည် ဆရာခိုင်မင်းလှိုင်၏ ဧည့်ခန်းတစ်ခုလုံးတွင် ချိတ်စွဲထားသော ပို့(စ်) အမျိုး မျိုး နှင့် သူ့ပန်းချီကားချပ်များ ကို မျက်ရည် ဝေသော မျက်လုံးများ ဖြင့် လိုက်ကြည့်နေ၏ ။

“ဆရာ ခိုင်ရယ်”

”မြူး ...”

မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ တုန်နေသော မြူး ၏ ကိုယ်လုံးကလေးကို သစ္စာက ဖက်ထားလိုက်သည်။

“မြူး သိပ်စိတ်မကောင်း ဖြစ်မနေပါနဲ့ ကွာ ၊ ဆရာခိုင် ဆုံးရတာ မြူး ပယောဂ

မပါပါဘူး......

“ဆရာခိုင့်မှာ သွေးတိုးနဲ့ နှလုံး ရောဂါ ရှိနေပြီး သူ ကျိတ်ကုနေတဲ့ ဆေးစာရွက်တွေ ၊ ကျိတ် သောက်နေတဲ့ ဆေးတွေ အကြောင်းကို ခု သူဆုံးတော့မှပဲ တို့လဲ သိရတော့တယ်၊ ပြီးတော့ ဆရာ့မှာ အ....အကြွေးတွေ လည်း အများ ကြီး ရှိနေတယ် ”

“ ဟင်း....”

ပန်းမြူး ဝေသည် မျက်နှာက လက်များ ကို ဖယ်ရှားကာ လွှမ်းမောင်မောင်ကို ကြည့်လိုက်သည်။

“ဟုတ်တယ် မြူး ။ ဆရာခိုင်က သူ့ ဝင်ငွေထက် ကျော်ပြီး တစ်လကို ငွေနှစ်ထောင် နှစ် ထောင် သူ့မိန်းမဆီ ပို့ပို့နေတဲ့ ဖြတ်ပိုင်းတွေ ကိုလဲ တွေ့ရတယ်၊ မတရား တက်နေတဲ့ အကြွေးစာရင်းကိုလဲ တွေ့ခဲ့ရပြီးပြီ....

“ ဖြစ်မှ ဖြစ်ရလေ ဆရာခိုင်ရယ်”

“ဆရာခိုင်က သိပ် မှင်ကောင်းတယ်၊ စောစောကသာ ဒီအကြောင်းတွေ သိရရင် ခုလို မ ဖြစ်ရပါဘူး မြူး ရယ်၊ တို့လဲ သူ့ပြဿ နာကို ဝင် ရှင်းတန်သလောက် ရှင်းပေးနိုင်ပါတယ်.....

”ကဲ ...မြူး ပြန်တော့ ၊ ဆရာခိုင့်ဧည့်ခန်းက ပန်းချီတွေ အားလုံး မြူဖြုတ်သွား ၊ တို့ ဆရာခိုင် ဈာပနအတွက် တို့ အဖွဲ့က လူတွေ ကို လိုက်စည်းရုံးလိုက်ဦးမယ် ”

“မြူး ....ထိုင်နေ၊ သစ္စာ ဖြုတ်လိုက်မယ် ”

သစ္စာသည် မြူး ၏ ပန်းချီကားချပ်များ ကို ချိတ်ဆွဲထားသည့် နံရံများ မှ လိုက်ဖြုတ်နေ၏ ။

ပြီးလျှင် ထိုပန်းချီကား ဆယ်ချပ်ကို အငှားကားပေါ်တွင် တင်ကာ အဆောင်သို့ ပြန်လာကြ၏ ၊

မြူး သည် စိတ်လက် ပြိုကွဲလာသဖြင့် ခုတင်ပေါ်တွင် လှဲခွေနေ၏ ။

“မြူး …..ရှည်ရှည်ဝေးဝေးတွေ းတွေ းပြီး စိတ်ဒုက္ခ ရှာမနေပါနဲ့ ကွယ် ၊ သစ္စာ ရှိပါတယ် ၊မြူး ကို ကူညီမှာ ပါ”

“ ကျေး…ကျေးဇူး တင်ပါတယ် သစ္စာရယ်”

”မြူး ခဏနေဦးနော်၊ သစ္စာ ယန်ယန်ဆီ ဖုန်း သွားဆက်လိုက်ဦးမယ် ၊ ဒီနေ့ သစ္စာ ရုံးမတက်တော့ဘူး”

”ဘာ ဖြစ်လို့လဲ ၊သစ္စာ ရုံး သွားပါ၊ မြူး ….မြူး နေလို့ရပါတယ်”

“ဟင့်အင်း…..ဒီနေ့ သစ္စာ မတက်တော့ဘူး `“

ပြောပြောဆိုဆို သစ္စာသည် အဆောင်ခန်းထဲမှ ထွက်ခွာသွား၏ ။

မိမိ အပေါ် စေတနာကောင်းလွန်းလှသော သစ္စာကို ပန်မြူး ဝေ ကျေးဇူးတင်မဆုံး ဖြစ်မိသည်။

ထိုနေ့ တစ်နေ့လုံးတွင် သစ္စာသည် ပန်မြူး ဝေ၏ အနီးတွင် နေပြီး အားပေးစကားတွေ မြောက်မြားစွာ ပြောခဲ့သည်။

မစားချင် စားချင်အောင် ပြေ၍ အစားအစာများ ကိုလည်း ကြင်နာ ယုယစွာ ကျွေးမွေးခဲ့သည်။

ညနေဘက်တွင် အဆောင်သို့ လွမ်းမောင်မောင် ရောက်ရှိလာသည်။

ညှိုး ငယ်နွမ်းလျှလွန်းနေသော ပန်မြူး ဝေ၏ မျက်နှာကလေးကို ကြည့်ကာ သူ အတော် ပင် စိတ်မကောင်း ဖြစ်နေမိ၏ ။

“ဆရာခိုင်အတွက် အဆင်ပြေရဲ့လားဟင် မောင်မောင်”

“ပြေပါတယ် မြူး ၊အကူငွေတွေ လည်း ရပါတယ်”

”ရော့ …..မောင်မောင်”

”မြူး ဒီဆွဲကြိုး က ဘာလုပ်တာလဲ”

ပန်မြူး ဝေ လည်ပင်းမှ ဖြုတ်၍ ပေးလာသော ဆွဲကြိုး ကလေးကို ကြည့်ကာ လွမ်းမောင်မောင်က မေးလိုက်သည်။

"အဲဒီ ဆွဲကြိုး ကို ရောင်းပြီး ဆရာခိုင့်အတွက် အကူငွေ လုပ်ပါ မောင်မောင်"

"အို.....မဟုတ်တာလဲ မြူး ကလဲ၊ ရော့....ပြန်ယူ"

"မောင်မောင်ရယ် မြူး ဆရာခိုင့်အတွက် နောက်ဆုံး ဂါရဝပြု ့ တဲ့ အနေနဲ့ ပေးတာပါ...

"မြူး ဒီဆွဲကြိုး ကလေးကလဲ သီချင်းဆိုလို့ ရတဲ့ ငွေထဲက စုဆောင်းပြီး လုပ်ထားခဲ့တာပါ၊ မြူး ....မြူး ကူညီပါရစေ မောင်မောင် "

"ဟုတ်ပါတယ် ကိုလွမ်းမောင်မောင်၊ မြူး စိတ်ချမ်းသာအောင် ယူလိုက်ပါ ရှင့် "

သစ္စာကပါ ဝင်၍ ပြောလာသဖြင့် လွမ်းမောင်မောင်လည်း ဆွဲကြိုး ကလေးကို မယူရက် ယူရက်ဖြင့် ယူလိုက်ရတော့သည်။

"ဒါနဲ့ ဆရာခိုင့် ဇနီးဆီကိုကော အကြောင်းကြားပြီးပြီလား ကိုလွမ်းမောင်မောင်"

"ဟင်း..... အကြောင်းကြားပြီးပါပြီ ၊ဒေါ်ကေသီက ဆရာခိုင့် ကိစ္စကို ကြို က်သလိုသာ စီစဉ်လိုက်ပါတဲ့၊ သူ မလာနိုင်ဘူးတဲ့ "

"ဟင်..."

သစ္စာရော မြူး ပါ မျက်လုံးကလေးများ ပြူး ဝိုင်းသွားကြတော့သည်။

"စိတ်နာတယ်လို့ တစ်ခွန်းတည်းပဲ ပြောသွားတယ်"

"အို... ဘယ်လိုမိန်းမမျိုး လဲ"

"မတွေ းတတ်အောင်ပါပဲ သစ္စာရယ်၊ ဘာပဲ ဖြစ် ဖြစ်လေ သူလာလာ မလာလာ အချိန်တန်ရင်တော့ ဆရာခိုင့်ကို သဂြိုဟ်ရမှာ က တို့ တာဝန်ပဲ....

"ခုလဲ ..သူ့ ကိစ္စအတွက် ငွေကြေးက လုံလောက်အောင် ရနေပါပြီ"

ပန်မြူး ဝေ၏ နားထဲသို့ လွမ်းမောင်မောင်၏ စကားများ က ဝင်တစ်ဝက် မဝင်တစ်ဝက်နှင့် ။

သူ့စိတ်ကို ထိုးနှက်ဖိစီးဖို့ အသိတစ်ခုက ဝင်လာလေပြီး မဟုတ်လား၊

"စိတ်နာလို့တဲ့၊ ဆရာခိုင့်ကို သူ့ မိန်းမက စိတ်နာတယ်ဆိုတာ ဘာကြောင့်လဲ.....

"ဆရာခိုင်နဲ့ သူ့မှာ အခြား စိတ်နာစရာ အကြောင်း ရှိနေသလား၊ ဒါမှမဟုတ် ငါနဲ့ ပတ်သက်နေသလား"

"မြူး ..."

"အင်..."

ပန်မြူး ဝေသည် ဆတ်ခနဲ့ ကိုယ်ကလေး တွန့်သွားပြီး လွမ်းမောင်မောင်ကို ကြည့်လိုက်သည်။

"တို့ သွားမယ် ၊ စိတ်ချမ်းသာအောင်နေပါဟာ တောင်တောင်မြောက်မြောက်တွေ သိပ်မတွေ းပါနဲ့ "

"မြူး က အားငယ်တတ်တယ် မဟုတ်လား ကိုလွမ်းမောင်မောင် ၊နည်းနည်းတော့ ဝင်းမာဦး ပါးစပ်ကို ထိန်းပေးဖို့ လိုလိမ့်မယ် ထင်တယ်"

"တို့လဲ ပြောနေတာပဲ ၊ဝင်းမာဦး ကတော့ ပါးစပ် စည်းကမ်းမရှိ ပြောတတ်တာ ဝသီ ဖြစ်နေပါပြီ"

"သူများ သိက္ခာကို ထိခိုက်အောင် ပြောတတ်တာတော့ ဆင်ခြင်ဖို့ ကောင်းတာပေါ့"

"ဟုတ်ပါတယ် ၊တို့လဲ သူ့ကို မညှာမတာ ပြောခဲ့တာ များ နေပါပြီး၊ တို့

ရှိပါတယ်လေ၊ သိပ် စိတ်မပူပါနဲ့ ၊ကဲ…သွားလိုက်ဦးမယ်နော် မြူး ”

“ဟုတ်ကဲ့”

*

ပန်းချီဆရာ ၊တေးရေး ဆရာ ၊ မွန်းလိုက်စတား တေးဂီတအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော ဆရာ ခိုင်မင်းလှိုင်၏ ရှာပန အခမ်းအနားက စည်ကား သိုက်မြိုက်လှ၏ ။

“ဟေ့….. ဟိုမှာ အရမ်းငိုနေတာ ဘယ်သူလဲ ဝင်းမာ ”

“ဟွန်း..ခုမှ မျက်ရည် ပေါ်ကြောင်းတွေ လာပြနေတာ ၊ ပန်မြူး ဝေဆိုတဲ့ ဟာမပေါ့ တင်တင်ရဲ့ ”

“ အို …ဟုတ်လား၊ ပန်မြူး ဝေက သိပ်လှတာပဲနော်၊ ဒါကြောင့် လည်း ဆရာခိုင်မင်းလှိုင်က ကျတာ နေမှာ ပေါ့”

“ အလကားပါ သူ့မှ ရုပ်ချောတယ်ဆိုတဲ့ အရည်အချင်း တစ်ခုပဲ ရှိတယ်”

မကြားကြားအောင် ပန်မြူး ဝေနှင့် သစ္စာတို့နှင့် မလှမ်းမကမ်းတွင် အုပ်စုဖွဲ့ကာ လာရပ်၍ ပြောနေသော ဝင်းမာဦး၏ စကားများ ကို ကြာတော့ နားမခံသာအောင် ဖြစ်လာ၏ ။

လူအုပ်ကြားထဲ သွားရန်တွေ ့အောင်ကလည်း အခက် ဖြစ်နေသဖြင့် သစ္စာမှာလည်း ရင်ထဲတွင် ကသိကအောက်ကြီး ဖြစ်၍ နေသည်။

“ဆရာခိုင့် မိန်းမ ဘယ်လာမလဲကွ ၊ဒီဟာမနဲ့ အကြောင်းတွေ ကို သိနေတာကိုး”

“အို…..”

”မြူး ..မြူး ”

မိုက်ခနဲ့ ဖြစ်သွားသော မြူး ၏ ကိုယ်လုံးကလေးကို သစ္စာက ထိန်းလိုက်သည်။

“သစ္စာ…သစ္စာ၊ မြူး ..မြူး ကို ခေါ် သွားပါတော့၊ ဒီနေရာက ခေါ် သွားပါတော့၊ မြူ း ….မြူး နားမခံသာတော့ပါဘူး”

“လာ …လာ မြူး ”

သစ္စာသည် ငိုရှိုက်ရင်းမှ ပုံလဲ ကျလုမတတ် ဖြစ်နေသော မြူး ကို လူအုပ်ကြားထဲမှာ အတင်းဆွဲထုတ်လာခဲ့တော့သည်။

ဆရာခိုင်မင်းလှိုင်၏ မြေချပွဲကို ပန်းမြူး ဝေ မလိုက်နိုင်တော့ပါ။

တစ်ယောက်တစ်ပေါက် ပြောနေသော စကားများ ကို ခံနိုင်ရည်စွမ်း မရှိတော့သဖြင့် သူတို့နှင့် ဝေးရာသို့ ပန်မြူး ဝေ ပြေးခဲ့တော့သည်။

တတ်နိုင်လျှင် သည်လူတွေ သည်ပတ်ဝန်းကျင် တွေ နှင့် ဝေးအောင် ကမ္ဘာတစ်ဘက်စွန်းဆီသို့ ပန်မြူး ဝေ ပြေးထွက်သွားချင်လှပါသည်။

“မြူး ..မြူး ရယ် သူများ ပြောတိုင်း ကိုယ်က ခံစားရ မတဲ့လား၊ ကိုက အပြစ်မှ လုပ်ခဲ့တာမှ မဟုတ်ပဲ”

ကိုယ်လိပ်ပြာ ကိုယ်သန့်ရင် ပြီးတာပဲ၊ ခုတော့ မြူး ဟာက ကိုယ့်ကိုကိုယ် နှိပ်စက်နေသလို ဖြစ်နေပြီ”

“မြူး ..မြူး ကြောက်တယ်၊ မြူး သူတို့ကို ကြောက်တယ်၊ သူတို့ အသိုင်းအဝိုင်းကို ကြောက်တယ်…

“မြူး လေ…..မြူး သူတို့နဲ့ ဆက်ဆံရမယ့် အလုပ်မျိုး မလုပ်တော့ဘူး ၊ မြူး ..မြူး တခြား အလုပ် ရှာမယ်”

“ကောင်းတယ် ၊ သစ္စာလဲ အားပေးတယ် ၊ မြူး လက်ရှိ အလုပ်ကို စွန့်လွှတိုက်တော့ ၊မြူး သစ္စာရဲ့ အဒေါ်ဆိုင်မှာ ပဲ အလုပ်လုပ် ၊ သစ္စာ ပြောပေးမယ်”

ဖေးဖေးမမနှင့် အနားတွင် နေကာ နှစ် သိမ့်စကားတွေ ပြောနေသော သစ္စာတစ်ယောက် သာ ရှိမနေပါလျှင် ပန်းမြူး ဝေသည် သူ့ ကိုယ်သူ ရူးသွပ်သွားလိမ့်မည် ဟု ထင်မှတ်ရ၏ ။

ဆရာခိုင်မင်းလှိုင်၏ ကိစ္စ အဝဝ ပြီးဆုံးသွားသော အခါတွင် သူတို့ တေးဂီတအဖွဲ့ကို ပြန်လည် စုစည်းရန် လွမ်းမောင်မောင်နှင့် ကျော်ကျော်စိုးတို့ ပန်းမြူး ဝေထံသို့ ရောက်ရှိလာကြ၏ ။

ပန်းမြူး ဝေ၏ ငြင်းဆန်ချက်ကို ကြားရသော အခါ လွမ်းမောင်မောင်တို့ နှစ် ယောက် အံ့သြသွားကြ၏ ။

"မဟုတ်သေးပါဘူး မြူး ရယ်၊ ကိုယ် ဝါသနာပါတဲ့ အလုပ်ကို စွန့်ပစ်သွားရလောက်အောင်ပဲ ပတ်ဝန်းကျင်းကို ကြောက်ရသတဲ့လား ၊ကဲ့ရဲ့ ခုနစ် ရက် ၊ ချီးမွမ်း ခုနစ် ရက် ပါကွာ"

ကျော်ကျော်စိုးက ပြောလိုက်သည်။

"ခုနစ် ရက် မပြောနဲ့ တစ်စက္ကန့်တောင် မြူး အပြောမခံနိုင်ဘူး ကျော်ကျော်ရယ်....

"မြူး မပါလည်း ဖြစ်ပါတယ် ၊ မြူး လေး မြူး အရောင် းစာရေး မ လုပ်ဖို့ အလုပ်လဲ ရထားပြီးနေပြီး"

"ကိုမောင် ပြောဦးဗျာ"

ကျော်ကျော်စိုးက ငိုင်တွေ နေသော လွမ်းမောင်မောင်ကို တိုက်တွန်းလိုက်သည်။

"မြူး စိတ်မချမ်းသာတော့ဘူး ထင်တဲ့ အလုပ် တစ်ခုကို လုပ်ဖို့ ကိုယ်အရမ်း မတိုက်တွန်းချင်းဘူး ၊ ကျော်ကျော်.......

"သူ စိတ်ပြန်လည်လာတဲ့ တစ်နေ့ကျရင် ကိုယ်တို့ဆီ ပြန်လာမှာ ပါ၊ ဟုတ်တယ် မဟုတ်လား ဟင် မြူး "

ပန်မြူး ဝေက ဦးခေါင်းကလေးကို ဆတ်ခနဲ့ ညိတ်ပြလိုက်သည်။

“မြူး ကြိုက်ကြိုက် မကြိုက်ကြိုက် တို့ ကတော့ ခဏ ခဏ လာခေါ်မှာ ပဲ၊ တစ်ယောက် ဆို တစ်ယောက် အင်အား လျော့တယ် မြူး ရ”

ကျော်ကျော်စိုးက ပြောလိုက်သည်။

“မြူး သိပါတယ်”

“သိရဲ့ သားနဲ့ များ မြူး ရာ”

“လောလောဆယ်မှာ မြူး စိတ်ကို မြူး မနိုင်ဘူး ကျော်ကျော်ရယ်”

”ကောင်းပြီးလေ ၊ တို့ မြူး နဲ့ အမြဲ ဆက်သွယ်နေမှာ ပဲ ၊ မြူး ပြန် စိတ်ဝင်စားလာတဲ့နေ့ ပြန်ဝင်ပေါ့ ဟုတ်လား”

“အင်းပါ ......မောင်မောင်”

“ကဲ........ ပြန်ကြစို့ ကျော်ကျော်စိုး ၊ ဌေးလွင်တို့ဆီ ဝင်ရဦးမယ် ၊အချိန် သိပ်မရှိတော့ဘူး”

သူ့ လက် လက်ပတ်နာရီကို ကြည့်ပြီး လွမ်းမောင်မောင်က နေရာမှ ထ, လိုက်သည်။

“သွားမယ် မြူး ”

“အင်း...”

ပန်မြူး ဝေသည် ကျော်ကျော်စိုးနှင့် လွမ်းမောင်မောင်တို့ကို ထိုင်ရာမှ မထ လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့၏ ။

*

ပြည်တွင်း ဖြစ် ပိုးထည်များ ရောင်းသော သစ္စာ၏ အဒေါ်ဆိုင်တွင် မြူး အလုပ်ဝင်ခဲ့သည်မှာ တစ်လပင်ကျော်ခဲ့ပြီ။

သည်အချိန်ကာလကြားထဲတွင် လှိုင်း ခေတ်ပေါ် တေးဂီတအဖွဲ့ ခေါင်းဆောင် မင်းမိုးသည် ပန်မြူး ဝေကို သူတို့အဖွဲ့နှင့် လက်တွဲ ရန် လာရောက် ဖိတ်ခေါ်ခဲ့သည်။

ပန်မြူး ဝေက အကြောက်အကန်ပင် ငြင်းဆန်ခဲ့၏ ။

ကျော်ကျော်စိုးနှင့် လွမ်းမောင်မောင်တို့ကလည်း မကြာခဏ ဆိုသလို ပန်မြူး ဝေထံ ရောက်ရှိလာကာ အဖွဲ့ထဲ ပြန်ဝင်ဖို့ ခေါ်ခဲ့ကြသည်။

ပန်းမြူး ဝေမှာ တေးဂီတလောကထဲသို့ စိတ်မလည်နိုင်သေးဘဲ ရှိနေ၏ ။

တစ်နေ့တွင်

တေးသံရှင် ကျော်ကျော်စိုး တစ်ယောက် သူ့ အဆောင်သို့ ရောက်ရှိလာသည်။

တစ်ယောက် တည်း မဟုတ်၊ အက်စ်အ၏ ကားကလေး မောင်းနှင်လာသူ ဖြူဖြူ သန့်သန့် အမျိုး သား တစ်ဦးလည်း သူနှင့် အတူ ပါလာသည်။

ထိုအမျိုး သားသည် ပန်မြူး ဝေကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့ရတော့ အလွန် ဝမ်းသာသွားပုံ ရ၏ ။

“မြူး ..ဒါ ဂျိုသြလော်ဂျီက ဒေါက်တာ မင်းအောင်တဲ့...”

“ဟုတ်ကဲ့..... သိရတာ ဝမ်းသာပါတယ် ရှင့်”

ကျော်ကျော်စိုးက မိတ်ဆက်ပေးလာသဖြင့် ပန်မြူး ဝေသည် ရည်မွန်စွာ အသိအမှတ် ပြုလိုက်၏ ။

“ဟုတ်ကဲ့....ကျွန်တော် ကလဲ ဒေါ်ပန်မြူး ဝေနဲ့ သိရတာ သိပ် ဝမ်းသာပါတယ်၊ ခု လာရတဲ့ အကြောင်း ကတော့ နောက်အပတ် ဆန်းဒေးမှာ အင်းလျားလိပ်မှာ ကျွန်တော် ဝယ်ဒင် ရှိပါတယ်...

"ကျွန်တော် အမျိုး သမီးလောင်းက ညွှေ့လာ ညွှေ့ခံ ဖျော်ဖြေဝိုင်းမှာ ဒေါ်ပန်မြူး ဝေကို မင်္ဂလာ ရတု ဖတ်စေချင်တယ် ခင်ဗျ"

"ရှင်....ဟို .....မြူး ....မြူ..."

"မြူး ရယ်...ဒီလောက် တကူးတက လာပြီး မြူး ကို ပွဲတောင်းတဲ့ ဥစ္စာ ၊မြူး က ငြင်းဦးမလို့လား"

" ဟို..မြူး ၊ ဘာမှ အဆင်သင့် မ ဖြစ်သေးလို့ပါ"

"ဒါ ကတော့....... တစ်ရက်လောက် တိုက်လိုက်ရင် ပြီးတဲ့ ဥစ္စာ ၊မြူး က ဒါတွေ ကျွမ်းပြီးသားပါကွာ"

"ဟုတ်ပါတယ်......ဒေါ်ပန်မြူး ဝေ ၊ခင်လေးက ဒေါ်ပန်မြူး ဝေကို ချစ်တဲ့ ပရိသတ် တစ်ယောက် ပါ"

"တေဂီတဝိုင်း ငှားတာတောင် ပန်မြူး ဝေပါတဲ့ ဝိုင်းငှားပါလို့ တဖွဖွ ပြောတာနဲ့ ကျွန်တော် ဆရာ လွမ်းမောင်မောင်တို့ ဝိုင်းကို လိုက်ရှာခဲ့ရတယ်....

"ဟိုရောက်တော့ ဒေါ်ပန်မြူး ဝေ မဆိုတော့ဘူးဆိုတာ သိရတယ်၊ ဟောဒီက ကိုကျော်ကျော်စိုးက ဒေါ်ပန်မြူး ဝေကို ကိုယ်တိုင် လိုက်ပြီး ပြောင်းချင် ပြောကြည့်ပါဆိုလို့ ကျွန်တော် လိုက်လာတာပါ...

"မငြင်းပါနဲ့ ဗျာ၊ ကျွန်တော် မင်္ဂလာဆောင်ကို ဒေါ်ပန်မြူး ဝေ ချီးမြှင့်စေချင်ပါတယ်"

"မြူး ........ အားနာစရာ ကောင်းပါတယ်ကွာ ၊ လက်ခံလိုက်ပါ"

ပန်မြူး ဝေလည်း ဒေါက်တာ မင်းအောင်ကို အားနာသော အားဖြင့် နောက်ဆုံးတွင် လက်ခံလိုက်မိတော့၏ ။

"မြူး ရတုက လွဲလို့ ဘာမှ မဆိုနိုင်ဘူးနော်"

"မြူး သဘောအတိုင်းပါပဲကွာ...မြူး သဘောအတိုင်းပါပဲ ၊ ဒါနဲ့ မြူး ကို စိတ်ချမ်းသာအောင် ပြောခဲ့ရဦးမယ်၊ ဝင်းမာဦး ဝိုင်း ပြောင်းသွား ပြီ"

"ဟင်.... ဟုတ်လား၊ ဘယ်ဝိုင်းကို ပြောင်းသွား တာလဲ ဟင်....

"ဒေးဗစ်တို့ ဝိုင်းကို"

"ဒီမှာ ဘာ ဖြစ်လို့လဲ ဟင်"

"မြူး သိသားပဲ ၊ သူ့ကို လွမ်းမောင်မောင်က သိပ်ကြိုက်လှတာ မဟုတ်ဘူး၊ မလွှဲသာလို့သာ လက်ခံထားတာ...

"ခု သူက ဒေးဗစ်တို့နဲ့ လုံးလုံး လုံးလုံး လုပ်လာတော့ ဆူမိတယ်ကွာ ၊အဲဒါကို စိတ်ကောက်ပြီး ထွက်သွားတာပဲ.....

"ဒေးဗစ်ဆိုတဲ့ မောင်က အနုပညာမှာ တော့ တော် တယ်၊ လူက ဥာဥ်သိပ်ကောင်းတာ မဟုတ်ဘူး မဟုတ်လား....

"ကဲ့....ဒါဆို ကိုယ်တို့ ပြန်မယ်၊ သန်ဘက်ခါ မနက် ကိုးနာရီကျတော့ တိုက်စရာရှိတာ တိုက်ဖို့ လာခေါ်မယ်"

"ကောင်းပြီး ကျော်ကျော်"

"ပြန်ပါဦးမယ်၊ ကျေးဇူးတင်ပါတယ် ဒေါ်ပန်မြူး ဝေ"

"ဟုတ်ကဲ့ ရှင့်"

ပန်မြူး ဝေသည် ကျော်ကျော်စိုးတို့ နှစ် ဦးကို အဆောင်ဝင် ဂိတ်ပေါက်အထိ လိုက်လံ ပို့ဆောင် ပေးလိုက် သည်။

သူတို့ကား ထွက်သွားပြီး ရှေ့ဆင့် နောက်ဆင့် ဆိုသလိုပဲ သစ္စာ ရုံးက ပြန်လာ၏ ။

"ကိုကျော်ကျော်စိုးတို့ကို လမ်းမှာ တွေ့လိုက်မိတယ်"

"ဟုတ်တယ် ၊သူတို့ ဒီကို လာသွားကြတာ၊ မင်္ဂလာဆောင် တစ်ခုမှာ ရတု ဆိုပေးဖို့တဲ့ ကွာ"

"အဲဒီ တော့.."

ကာယကံရှင် သတိုးသား ကိုယ်တိုင် လိုက်လာပြီး သတို့သမီးလောင်းရဲ့ ဆန္ဒ ဖြည့်ဆည်းပေးပါလို့ အတင်း တောင်းပန်တာနဲ့ လက်ခံလိုက်ရတယ် သစ္စာ "

"ကောင်းတာပေါ့ ၊ဘယ်မှာ လဲ ဝယ်ဒင်က "

"အင်းလျားလိပ်၊ နောက်အပတ် ဆန့်ဒေးတဲ့ ၊သစ္စာ လိုက်ရမယ် နော်"

"မြူး ရဲ့ အပါးတော် မြဲပဲ၊ နေခဲ့လို့ ဘယ် ဖြစ်ပါ့မလဲ၊ လာ....လာ စမူဆာ ပါလာတယ်၊ ပူးပူး နွေးနွေး စားကြရအောင်"

"သိပ် ကောင်းတဲ့ အစီအစဉ်ပဲ"

နှစ် ဦးသား ကိုယ့်အခန်းရှိရာသို့ တက်ခဲ့ကြ၏ ။

"မြူး ဆာရင် စားနှင့် ၊ သစ္စာ ရေချိုး လိုက်ဦးမယ်"

"ဟင့်......အင်း အတူတူပဲ စားကြမယ်၊ မြူး ပန်းကန်ထဲ ထည့်ထားလိုက်မယ်နော်"

"အင်း...အင်း"

သစ္စာ ရေချိုး ခန်း ဝင်နေချိန်တွင် စားသောက်ရန် အဆင်သင့် ဖြစ်အောင် ပန်မြူး ဝေက ဆောင်ရွက် ထားလိုက်သည်။

"ဒါနဲ့ ဟို တစ်ယောက် မြူး ဝိုင်းထဲ ပြန်ဝင်တာကို ဘာပြောမယ် မသိဘူး နော်"

သစ္စာက အဝတ်ကြိုး တန်းတွင် မျက်နှာသုတ်ပဝါကို ဖြန့်ချိတ်ရင်း ပြောလိုက်သည်။

ဝင်းမာဦးကို ရည်ရွယ်၍ သစ္စာက ပြောလိုက်ခြင်း ဖြစ်သည်။

"သူ မွန်းလိုက်စတားအဖွဲ့က ထွက်သွားပြီးတဲ့ သစ္စာ"

"ဟင်..ဟုတ်လား၊ ဘာ ဖြစ်လို့ ထွက်သွားတာတဲ့လဲ"

"ဒေးဗစ်တို့နဲ့ ရောတာ လွမ်းမောင်မောင်က မကြိုက်လို့ ပြဿ နာ တက်ကြတာပဲ"

"ခု သူ ဘယ်ဝိုင်း ရောက်သွားပြီးလဲ"

"ဒေးဗစ်တို့ ဝိုင်းပဲပေါ့"

"ကောင်းပါတယ်၊ သူ တစ်ယောက် မရှိရင် ကိုလွမ်းမောင်မောင်တို့ ဝိုင်း ပြဿ နာ အတော် ရှင်းသွားမှာ ပဲ"

သစ္စာက ထမင်းစားပွဲ၏ ထိုင်ခုံကလေးတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

ပန်မြူး ဝေက ဖောက်ထားသော လက်ဖက်ရည်ကြမ်းကို တစ်ယောက် တစ်ခွက် ငှဲ့ထည့်လိုက်သည်။

"ဒါနဲ့ မြူး က သီချင်း ပြန်ဆိုတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီးလား ဟင်"

"မြူး မဆိုပါဘူး၊ ဒီ တစ်ခါ ကတော့ မင်္ဂလာဆောင်မယ့် လူက သူ့ သတိုးသမီးအတွက် အတင်း တောင်းပန်လာလို့ ရတု ဖတ်ပေးရုံလောက်သာ လက်ခံတာပါ သစ္စာ"

"ဩော် ဩော်"

"အဲဒီ နေ့ မြူး ဘာဝတ်ရမလဲ မသိဘူး သစ္စာ"

"စဉ်းစားပါဦးလေ ၊ပြီးတော့ မြူး အဝတ်အစားတွေ ထုတ်ပြီး ရွေးကြတာပေါ့၊ ဟုတ်လား"

နှစ် ဦးသား မြိန်ရေ ယှက်ရေ စားသောက် လိုက်ကြသည်။

ပြီးလျှင် ပန်းမြူး ဝေ၏ သေတ္တာကြီးကို ဖွင့်ကာ အတွင်း းက အဝတ် အစားများ ကို

ခုတင်ပေါ်သို့ အလှကုန် တင်လိုက်ကြသည်။

“ခေတ်ဆန်ဆန် အဝတ်အစားနဲ့ ရတု ဖတ်လို့ ကတော့ မရဘူး၊ ဟောဒီမှာ ရွှေအိုးရောင် အင်္ကျီလက်ရှည်နဲ့ ကြိုး ကြီးချိတ် ထဘီ၊ ဒီပဝါကလေးနဲ့ ဆိုရင် ဝမ်းဆက်ပဲ......

“ဒါကို ဂျပန်ပုလဲ ဝမ်းဆက်နဲ့ဝတ်၊ ဟုတ်ပြီး ဆံထုံးလှလှကလေး ထုံးပြီး ခေါင်းမှာ ပန်ဖို့ ကက်တလီယာ အဖြူတစ်ပွင့် သစ္စာ စူးတို့ အိမ်က ယူလာပေးမယ်....

“ဒီပွဲမှာ ဒေဝစ္စရာတောင် နောက်ကောက်ကျ သွားစေရမယ်၊ ဘယ်နှယ့်လဲ မြူး ”

“သစ္စာ သဘောအတိုင်းပါပဲ ”

“မြူး ကို အဲဒီ မင်္ဂလာဆောင်မှာ သဘောကျတဲ့ တစ်ယောက် ယောက် တွေ့ရင် ဘယ်နှယ့် လုပ်မလဲ.....ဟင်”

“ယူလိုက်မှာ ပေါ့”

“အောင်မလေး ဖြေတာ မြန်လိုက်တာ၊ ဘယ်တုန်း ကတည်းက လိုချင်နေတာ မသိဘူး တော် ”

“သစ္စာနော် ထုလိုက်မယ် မစ,နဲ့ ”

”အဟင်း...ဟင်း....ဟင်....ဟင်”

သစ္စာသည် ရှက်သွေး ကြွယ်နေသော ပန်မြူး ဝေကို သဘောကျကာ အဟင်း.....ဟင်း ရယ်မောရင်း ပန်မြူး ဝေ၏ အဝတ်အစားများ ကို သေတ္တာကြီးထဲသို့ ပြန်ထည့် ပေးနေ၏ ။

*

# (၃)

ဒေါက်တာ မင်းအောင်နှင့် ခင်ခင်လေးတို့၏ မင်္ဂလာရက်မြတ် လက်ထပ်မည့် နေ့ရက်သို့ ဆိုက်ရောက် လာခဲ့ပါပြီ၊

သတိုးသမီးတော့ အလှပြု ပြင်ရေး ဆရာမများ လက်ထဲတွင် မည် သို့ ရှိချေမည် မသိ ၊ ပန်မြူး ဝေမှာ တော့ အဆောင်နေ အလှကြိုက်သူ မူနှင့် သစ္စာတို့၏ လက်ထဲတွင် ခါးတောင့် ကျော့အောင့်၍ နေ၏ ။

"မပြီးသေးဘူးလား ၊ မြူး စိတ်အိုက်လာပြီး "

"ပြီးပါတော့မယ် မြူး ရဲ့ ၊ဟောဒီ ပန်းကလေး ပန်လိုက် ရုံပဲ ရှိပါတော့တယ်....

"ကဲ.. .. ကြည့်လိုက်စမ်း ၊ တို့ ရွှေမင်းသမီး ဘယ်လောက် လှသွားသလဲလို့"

"ဟုတ်ပါရဲ့ မြူး ရယ်၊ မြူး ကတော့ ခေတ်ဆန်ဆန် ဝတ်လဲ သိပ်လှတာပဲ၊ ခုလို ရိုးရိုးယဥ်ယဥ် ဝတ်စားထားလဲ သိပ်လှတာပဲ ၊တကယ့်ကို အလှပါရမီ ထူးတဲ့ သူပဲ"

မြူး သည် ဘယ်လိုပဲကြည့်ကြည့် ကြည့်မဝ ရှု့မဝအောင် လှနေသော ပန်းမြူး ဝေကို ကြည့်ကာ ချီးကျူး မဆုံး ရှိနေသည်။

"သိပ် မပြောနဲ့ ၊မြူး ရှက်လာပြီးနော်"

ရှက်မနေနဲ့ မမမြူး ရေ ဒီမှာ က မျက်လုံး နှစ် စုံနဲ့ ပဲ ကြည့်နေတာ...

"ဟို ရောက်ရင် မမမြူး ၊ကိုယ်ပေါ်ကို မျက်လုံးပေါင်း ရာထောင်မက ရောလာကြမှာ ၊ကိုယ့်စိတ်လဲ့ ကိုယ် ထိန်းဦး စတူရီယို အဆိုကျော်ကြီးရဲ့ "

"သစ္စာ မသိဘူး ၊ မြူး လေ ဘာ ဖြစ်လို့မှန်း မသိူး ၊ အရင်တုန်းက သီချင်းဆိုရမှာ ရဲတင်းသလောက် ခု ကြောက်နေတယ်.....

"မြူး ကို ကြည့်လာမယ့် မျက်လုံးတွေ ကိုလဲ မြူး ကြောက်နေတယ်"

“ဒါက ကိုယ့်စိတ်ပေါ်မှာ မူတည်တာပါ၊ စိတ်သာရှင်စေ ဘုရားဟောတဲ့ ၊ ကိုယ့်စိတ်ကို နိုင်အောင် ထိန်းလိုက်ရင် မြူး ကောင်းသွားမှာ ပါ....

“အရေး အကြီးဆုံး ကတော့ အတိတ်က ဖြစ်ပျက်ခဲ့တာတွေ ကို မေ့ပစ်နိုင်ဖို့ပဲ”

သစ္စာက အားပေးရှာပါသည်။

”တီ....တီ....တီ”

“ဟော....ကား လာပြီ”

မူက ပြတင်းပေါက်မှ အောက်သို့ ငုံကြည့်ရင်း မေးလိုက်သည်။

“ပြီး ပြီ”

သစ္စာသည် သူ့လက်ထဲက ရေမွှေးပုလင်းကို ချလိုက်ပြီး ပန်မြူး ဝေဘက်သို့ လှည့်ကြည့်လိုက်သည်။

ပန်မြူး ဝေသည် ငွေကြိုး ကလေးဖြင့် ပြုလုပ်ထားသော ဂျပန်ပုတီးစေ့ လက်ကိုင်အိတ်ကလေးကို လက်တွင် ချိတ်ဆွဲပြီး ငွေရောင် ပိုက်ဖိနပ်ကလေးကို အသင့် စီးထားပြီး ဖြစ်နေ၏ ။

”ကဲ့ ....သွားကြစို့ မြူး ”

နှစ် ဦးသား အဆောင်အပေါ်ထပ်မှ ဆင်းခဲ့ကြသည်။

တမင် စောင့်ဆိုင်းနေသော အဆောင်သူများ ၏ မျက်လုံးများ က ပန်မြူး ဝေ ထံသို့ စုရုံး ရောက်နေကြပြီး ချီးကျူး သံ မစဲဘဲ ရှိနေကြ၏ ။

”ရှီး....”

“အဲ့ဒါ ဘာ ဖြစ်တာလဲ”

“လှလိုက်တာ မြူး ရယ် ၊တကယ်ပါ...တကယ်ပါ”

ပန်းမြူး ဝေအတွက် ကားတံခါး ဖွင့်ပေးနေသော ကျော်ကျော်စိုးက ပြောလိုက်သည်။

ပန်းမြူး ဝေ ရှက်သွား၏ ။

ရှိန်းပန်းစွာ ဖြင့် ကားထဲသို့ ဝင်ထိုင်လိုက်သည်။

"မြူး ကို အမြဲတမ်း ခေတ်ပေါ် အဝတ်အစားတွေ နဲ့ ပဲ တွေ့နေကျမဟုတ်လား၊ ဒီနေ့ မြူး အလှက မြန်မာဆန်ပြီး ထူးထူးခြားခြား ကျက်သရေရှိရှိ လှနေတယ်ကွာ"

"သူများ ပြောဖို့လဲ ချန်ပါဦးနော်၊ ကဲပါ ....ကားထွက်ပါတော့"

ကျော်ကျော်စိုးက ကားစက်ကို နှိုးလိုက်သည်။

"ကိုလွမ်းမောင်မောင်တော့ သိပ် ဝမ်းသာမှာ ပဲ၊ သူ ပထမဦးဆုံး ဖျော်ဖြေခွင့်ရတဲ့ ဒီ မင်္ဂလာဆောင် ဝိုင်းမှာ မြူး က သိပ်လှနေလို့"

ပန်မြူး ဝေက ရှက်ဝဲဝဲလေးဖြင့် သာ ပြုံး နေ၏ ။

မကြာမှီ ပန်မြူး ဝေတို့ကို တင်ဆောင်လာသော ကားကလေးသည် အင်းလျားကန် ဟိုတယ်မှာ တည်းခိုနေသော နိုင်ငံခြားသား ဇနီးမောင်နှံ နှစ် ယောက် ပန်မြူး ဝေအား ဓာတ်ပုံရိုက်ခွင့် တောင်းပန်လာ၏ ။

"အရိုက်ခံလိုက်ပါ မြူး "

ပန်မြူး ဝေ သဘာတူလိုက်ရသည်။

ထိုဇနီးမောင်နှံ နှစ် ယောက် သည် ပန်မြူး ဝေကို ရှု့ထောင့် အမျိုး မျိုး မှ ဓာပုံရိုက်ယူလိုက်ကြပြီး ကျေးဇူးတင်စကား ပြောလာ၏ ။

ပန်မြူး ဝေကလည်း ကျေးဇူးတင်စကား တုံ့ပြန်ပြီး ကျော်ကျော်စိုး၏ နောက်သို့ လိုက်ခဲ့၏ ။

"မြူး ရာ လှလိုက်တာ ၊ ကျက်သရေ ရှိလိုက်တာကွာ"

တီးဝိုင်းခေါင်းဆောင် လွမ်းမောင်မောင်က ပန်မြူး ဝေအတွက် နေရာထိုင်ခင်း ပေးရင်း ချီးကျူး ထောပနာ ပြုမဆုံး ဖြစ်သွား၏ ။

"ဟုတ်တယ်၊ ဒီနေ့ မြူး က တစ်မူး ထူးခြားပြီး သိပ်လှတာပဲ"

စတီရီယို အဆိုကျော် မေရီက ပါ ဝင်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် မေရ"

မင်္ဂလာ ရွှေပွဲလာ ပရိသတ်ကို တေးသီချင်းဆို၍ ဖြေဖျော်သူက ဖြေဖျော် ၊စကား ပြောသူတွေ က ပြောနှင့် မကြာမီ မင်္ဂလာ အခမ်းအနား စတင်လာ၏ ။

ပန်မြူး ဝေသည် မြန်မာဝတ်စုံနှင့် ကျက်သရေရှိ၍ ခန့်ညားလှသော သတိုးသားနှင့် ထိုင်မသိမ်း အကျီ ဘီးဆံထုံးနှင့် ပဝါရှည်ကြီး ချထားသော သတိုးသမီး လှလှချောချောတို့ကို ကြည့်နေရာမှ သတိုးသားနောက်က သတိုးသားအရံနှင့် သတိုးသမီးအရံများ ဆီသို့ မျက်လုံး ရောက်ရှိသွားသည်။

အဖြူရောင် တိုက်ပုံအကျီနှင့် ရွှေဝါရောင် ချိတ်ပုဆိုးကို ဝတ်ဆင်ထားသော သတို့သား အရံသည် အရပ်မြင့်မြင့် မောင်းမောင်း အသားညိုစိမ့်စိမ့်နှင့် အလွန် ကြည့်၍ ကောင်းလှသော ရုပ်အသွင်လည်း ရှိသူ ဖြစ်သည်။

ဘာကြောင့် မှန်း မသိ၊

ပန်မြူး ဝေသည် ထို ကိုလူညိုချောကို မျက်စိ တစ်ဆုံးပင် လိုက်ကြည့်နေမိခဲ့လေသည်။

"မြူး ...သတိုးသား အရံက ချောတယ်နော်၊ ခန့်လဲ ခန့်တယ်"

သူ့ကို သစ္စာကလည်း သတိပြုမိနေတယ်။

"အင်း.....ဟုတ်တယ်"

"အရံ အမျိုး သမီးနဲ့ မလိုက်ဘူး ၊ သူ့ ဘေးမှာ မြူး သာဆိုရင် ဒီအတွဲ

သိပ်ကြည့်လို့ ကောင်းမှာ ပဲကွာ”

“အို…သစ္စာကလဲ ကြံကြံဖန်ဖန် ပြောနေတယ်”

ရက်ကိုးရက်ကန်း ပြောလိုက်ပေမယ့် ရင်ထဲမှာ တော့ ခုန်မိသား။

ထူးတယ်လို့ ထင်မိသည်။

သတိထားနေသည့်ကြားကပင် ပန်မြူး ဝေ၏ မျက်လုံးများ သည် စင်မြင့်ပေါ်ရှိ သတိုးသား အရံဆီသို့ မကြာခဏ ကျရောက်၍ သွားနေ၏ ။

အစီအစဥ် တစ်ခုပြီး တစ်ခု ပြီးဆုံးပြီး နောက်ဆုံး မိမိ အလှည့်သို့ ကျရောက်လာတော့သည်။

ပန်မြူး ဝေသည် ကခြေရှိလှသော ခြေလှမ်း များ ဖြင့် စင်မြင့်ဆီသို့ လျှောက်လှန်း၍ နေသည်။

*

ပန်းမြူး ဝေ....

နာမည် ကလေးကို စိတ်ဝင်စားပြီး သတိုးသား အရံသည် လှမ်းကြည့်လိုက်သည်။

ရွှေစင်အိန္ဒယ် ရုပ်အဆင် ကြွယ်၍ နတ်မိမယ်အလား ထင်ယောင်မှာ းရသည့် မိန်းမပျိုကလေးကို တွေ့ လိုက်ရလျှင် သတို့သားအရံ ကိုလူညိုချော၏ မျက်ခုံးထူထူကြီးများ သည် ပင့် တက်၍ သွားကြတော့သည်။

“ဒီတစ်သက် ဘယ်မိန်းမကိုမှ စိတ်မဝင်စားတော့ပါဘူး ”ဟု သန္နိဋ္ဌာန် ချထားချက်ကိုပင် ဖျက်ရမလို ဖြစ်သွားတော့သည်။

လှလိုက်သည့် မိန်းကလေး။

ပန်းချီ ဒိုင်ရလောက်အောင် အလှပါရမီထူးထူး သူကလေး ကြော့ရှင်းသော ကိုယ်ဟန်နှင့် သူကလေး၏ ခြေလှမ်းကလည်း ကုဋေတစ်သိန်း ထိုက်တန်လှ၏ ။

ပန်မြူး ဝေ မည့် သော မိန်းကလေး၏ အလှတွင် သူ ယစ်မူးနေမိပါတော့သည်။

"ဟေ့ ....ဖိုးစွဲ"

"အင်း...."

ကိုယ့် ခံစားချက်နှင့် ကိုယ် နစ်မျောနေမိသည်မို့ ခေါ်လိုက်သံ ကို ကြားပေမယ့် စွဲရန်နိုင်မှာ ကိုယ်ကြီး သိမ့်ခနဲ တုန်လှုပ်ခဲ့ရသည်။

"မျက်လုံးတွေ ကျွတ်ကျကုန်ပါဦးမယ်ကွာ၊ အဟင်း....ဟင့်..ဟင်"

ကိုယ့်ကိုကိုယ် သတိမထားမိသည်ကို သူများ က သတိထားနေကြောင်း သိလိုက်ရသဖြင့် ရှက်စိတ်တွေ မွှန်ထူသွားသည်။

"ဟာ.....ဖိုးမင်းကလဲ"

"မင်း.......ကောင်မလေးဆီက မျက်စိ မခွာနိုင်တာ တို့ သိပြီးသားပါကွာ၊ ရှက်မနေပါနဲ့ "

သတို့သမီးနှင့် သတို့သမီးအရံတို့ သူ့ကို ပြုံး ဖြီးဖြီး ကြည့်လာသော အခါတွင် စွဲရန်နိုင်မှာ ထပြေးချင်လောက်အောင်ပင် ဖြစ်သွားတော့သည်။

"လူပျိုက အပျိုကို ငမ်းတာ မဆန်းပါဘူးကွ၊ ပွဲပြီးရင် မင်းကို မိတ်ဆက်ပေးမယ်"

"မလုပ်ပါနဲ့ ကွာ"

ရှက်ဝဲဝဲကြီး ပြောပြီး စွဲရန်နိုင်သည် ခေါင်းငုံ့သွားတော့၏ ။

သို့နှင့် မင်္ဂလာ အခမ်းအနား အောင်မြင်စွာ ကျင်းပ ပြီးစီးသွားသည်။

သတို့သား သတိုးသမီးနှင့် မိဘဆွေမျိုး များ ဓာတ်ပုံနှင့် ဗွီဒီယိုများ ရိုက်ကူးမဆုံး ရှိနေချိန်တွင် .......

ဗွဲရန်နိုင်သည် တေးဂီတဝိုင်း ရှိရာသို့ မျက်လုံးကို ဝေ့ဝဲ၍ ကြည့်လိုက်သည်။

ရွှေမင်းသမီးကလေး ရေခဲမုန့်စားရင်း သူ့ အဖေါ်နှင့် စကားပြောနေသည်။

သူကလေး၏ လှပသော နှုတ်ခမ်းကလေးအစုံတွင် အပြုံးတွေ လွန့်လူးနေ၏ ။

ရှေ့ကပဲ ကြည့်ကြည့် ၊ နောက်ကပဲ ကြည့်ကြည့် ၊ဘေးတိုက်ပဲ ကြည့်ကြည့် ၊ ကြည့်ချင်သလိုကြည့် အလွန့်အကြည့်ခံသော အလှဘုရင် ထိပ်ခေါင်းတင် မလေးထံမှ သူ့မျက်လုံးများ လွှဲမရနိုင်တော့ပါ။

ဤသည်ကို သတို့သား ဒေါက်တာ မင်းအောင်က သိနေသည်မို့ ဒီပွဲတွင် လူပျို ကြီး ဗွဲရန်နိုင်ကို အစွံထုတ်ရန် ကြံရွယ် စိတ်ဖြင့် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။

“လာ ....တီဝိုင်းကို ကျေးဇူးတင်စကား သွားပြေရအောင်”

“ဟာ....ကိုယ့်ဘာသာကိုယ် သွားပြော”

“လာစမ်းပါ ဖိုးဗွဲရ”

အတင်း ခေါ်နေသဖြင့် ဗွဲရန်နိုင်သည် ဒေါက်တာ မင်းအောင်နောက်သို့ လိုက်ပါခဲ့ရတော့သည်။

“အားလုံးပြည့်စုံအောင်စားကြရရဲ့ လား ကိုကျော်ကျော်စိုး၊ ဘာများ လိုပါသေးသလဲဗျ”

“အားလုံး ပြည့်စုံပါတယ် ၊ ကျေးဇူး တင်ပါတယ် ဒေါက်တာ”

“အားလုံးကို ကျေးဇူး တင်ပါတယ် အထူးသဖြင့် ၊ကျွန်တော် မင်္ဂလာဆောင်ကို အထူးလာရောက်ပြီး မင်္ဂလာ ရတု ဖတ်ကြားပေးတဲ့ ဒေါ်ပန်မြူး ဝေကို သိပ် ကျေးဇူးတင်တယ်ဗျာ....

"ဟော ကျွန်တော ဇနီး အသစ်စက်စက်ကလေးကလဲ ဒေါ်ပန်မြူး ဝေကို ကျေးဇူးတင်စကား ကိုယ်တိုင်ပြောချင်လို့တဲ့ ၊ လာနေပါပြီ ၊လာ...လာ ...ခင်လေး"

"ကျေးဇူးတင်လိုက်တာ မြူး ရယ်၊ မြူး လို့ပဲ ရင်းရင်းနှီးနှီး ခေါ်မယ်နော်"

"ဟုတ်ကဲ့ ....ကြိုက်သလို ခေါ်နိုင်ပါတယ်"

"အစ်ကိုတို့လဲ ထိုင်ကြဦးလေ"

ပန်မြူး ဝေနှင့် သစ္စာတို့၏ စားပွဲတွင် ဒေါက်တာ မင်းအောင်၊ ဇွဲရန်နိုင်နှင့် ခင်ခင်လေးတို့ ဝိုင်းထိုင် လိုက်ကြသည်။

ဓာတ်ပုံဆရာက သူတို့ ဝိုင်းကို ဓာတ်ပုံ ရိုက်ယူသွားသည်။

"မြူး ရဲ့ သီချင်းတွေ ကို ခင်လေး သိပ်ကြိုက်တာပဲ၊ စီးရီး အသစ် မထွက်တော့ဘူးလား ဟင်"

"မြူး လောလောဆယ် ထွက်ဖို့တော့ အစီအစဉ် အရှိသေးပါဘူး ခင်လေး"

"ထွက်နိုင်အောင် ကြိုး စားပါ၊ ခင်းလေးတို့က အားပေးဖို့ အဆင်သင့်ပဲ၊ ဟိုလေ မြူး ဆိုတဲ့ ကိုကိုလူဆိုး သီချင်းကို ခင်း အကြိုက်ဆုံးပဲ သိလား"

"ကျေးဇူးတင်ပါတယ် ခင်းလေး"

"ဒါနဲ့ မြူး တို့ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကိုမင်းရဲ့ သူငယ်ချင်း ဂိုးသြလောချီ ဒေါက်တာ ဇွဲရန်နိုင်တဲ့ ၊ ခု ကချင်ပြည်နယ်မှာ တာဝန်ကျနေတယ်"

"ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ် ရှင့်"

"ကိုယ်ကလဲ သိခွင့်ရတာ ဝမ်းသာပါတယ် မြူး "

မြူး ...တဲ့။

ပန်မြူး ဝေ၏ ရင်ထဲတွင် စိမ့်ခနဲ ဖြစ်သွားမိ၏ ။

"ဟဲ.....ခင်ခင်လေးနဲ့ မင်းအောင် ...မင်းတို့ ဒေါ်ကြီးစိန်က မင်းတို့နဲ့ တွေ့ ရိုက်ချင်လို့တဲ့"

"ဟုတ်ကဲ့ လာပါပြီး မေမေ၊ ခဏနော် ဖိုးခွဲ၊ ထိုင်ဦးလာ ...ခင်လေး"

ဒေါက်တာ မင်းအောင်သည် အခွင့်အရေး ရလာသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး ခင်ခင်လေး၏ လက်ကိုဆွဲကာ နေရာမှ ထွက်သွားတော့သည်။

"သစ္စာ အဲဒီ ဝိုင်းက မုန့်တွေ မစားရင် တို့ဝိုင်းပို့လိုက်"

"ရမယ်......ရမယ်"

သစ္စာကလည်း ဒီ အခွင့်အရေး မျိုး စောင့်နေသူမို့ မုန့်ပွဲများ ကို ကျော်ကျော်စိုးတို့၏ ဝိုင်းဆီသို့ ရွှေ့ပြောင်းပေးနေရ၏ ။

ပန်မြူး ဝေသည် အထာပေါက်သွားသဖြင့် ရှက်ရွံ့စိတ်များ မွှန်ထူ၍ လာတော့သည်။

"မြူး က ဘယ်မှာ နေတာလဲ--ဟင်...."

"ဟင်....ရှင်၊ ဘာများ မေးတာပါလိမ့်"

"ဩော်...မြူး ၊ ....ဘယ်မှာ နေတာလဲလို့ မေးနေတာပါ"

"မြူး ...မြူး လား...ဟို..အဆောင်မှာ ပါ"

"ဘယ်က အဆောင်လဲ"

"လှည်းတန်း ခိုင်ရွှေဝါ လမ်းမှာ ပါ ဒေါက်တာ"

"ကိုယ်ကို ဒေါက်တာလို့ မခေါ်ပါနဲ့ မြူး ၊ ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ခေါ်ပါ။ မြူး ကို ကိုယ်မြူး လို့ ခေါ်တာ စိတ်မဆိုး ပါဘူးနော်"

"အို...မြူး စိတ်မဆိုးပါဘူးရှင့်"

“မြူး ရန်ကုန်က မဟုတ်ဘူးလား”

“မြူး ဇာတိက ပဲခူးကပါ အစ်ကို”

“ဒါဆို မိဘတွေ က ပဲခူးမှာ ပဲပေါ့နော်”

“မြူး မြူး မှာ မိဘ မရှိတော့ပါဘူး ရှင့်”

“အို......ဆောရီးပဲ မြူး ရယ်၊ ကို မေးမိတာ ခွင့်လွှတ်ပါ”

“ရပါတယ် အစ်ကို”

ပန်မြူး ဝေသည် ကြည်လဲ့နေတသော မျက်ဝန်းအစုံတွင် ရစ်ဝဲသွားသော မျက်ရည်များ ကို မျက်တောင်ကော့ကြီးများ တဖျပ်ဖျပ် ခတ်၍ သိမ်းဆည်းနေ၏ ။

ဘာ့ကြောင့် များ ဒီလောက် ဝမ်းနည်းသွားရတာ ပါလိမ့်ဟုလည်း ကိုယ့်ကိုကိုယ် မချင့်မရဲ့ ဖြစ်ကာ ဒေါသ ထွက်မိနေ၏ ။

ပန်မြူး ဝေ ဝမ်းနည်းသွားသည်ကို သတိပြုလိုက်မသော ဇွဲရန်နိုင်မှာ လည်း သူ ဆတ်ဆော့၍ မေးလိုက်မသော မေးခွန်း အတွက် ကြီးစွာ စိတ်မကောင်းမိခြင်း ဖြစ်သွား၏ ။

“မြူး စီးရီး ဘယ်နှစ် ခွေ ထွက်ပြီးပြီလဲ ဟင်”

ပန်မြူး ဝေ၏ နှုတ်ခမ်းလှလှကလေးမှ ကြည်အေး လှသော အသံကလေးကို ကြားလိုနေသဖြင့် သူသည် စကား စလိုက်မိပြန်သည်။

“မြူး နှစ် ခွေပဲ ထွက်ရပါသေးတယ်”

“အောင်မြင်ပါတယ်နော်”

“ဟုတ်ကဲ့၊အသင့်အတင့်တော့ အောင်မြင်ပါတယ်”

“အင်း ဒီက ပြန်ရင်တော့ မြူး ရဲ့ အခွေကို ဝယ်သွားရဦးမယ် ၊ ကိုယ်လဲ အလုပ်နဲ့ ပဲ လုံးပန်းနေရတော့ သီချင်းတွေ ဘာတွေ နဲ့ ပြတ်နေတာ ကြာပြီ မြူး ရဲ့”

“အစ်ကိုက ကချင်ပြည်နယ်ကို ပြန်ရမှာ ပေါ့နော်”

“ဟုတ်တယ် မြူး ”

“အစ်ကို အလုပ်က မြစ်ကြီးနားမှာ လား”

“ဖားကန့်မှာ ပါ မြူး ”

ဪ…ဒါဆို ခု လာတာ ခွင့်နဲ့ ပေါ့နော်”

“ဟုတ်တယ် ၊ဖိုးမင်းက သူ့ မင်္ဂလာဆောင်မှာ သတိုးသား အရံ လုပ်ပေးရမယ်ဆိုပြီး ဂျိကျထားလို့ ခွင်တင်ပြီး လိုက်လာရတာ ၊ သူနဲ့ ကိုယ်က ကျောင်းတက်တော့လဲ အတူတူပဲ.....

“နိုင်ငံခြား ပညာတော် သင် သွားကြတော့လဲ အတူတူပဲ၊ အလုပ်ဝင်ကြတော့မှ နေရာ ကွဲသွားကြတာ”

“ဟေး…ဖိုးရွှဲ ၊ ပန်မြူး ဝေနဲ့ အဖွဲ့ကျသွားပြီးလား”

ဒေါက်တာမင်းအောင်က ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ရင်း မေးလာ၏ ။

“ဆိုပါတော့….”

”မြူး ရေ ဖိုးရွှဲဆိုတဲ့လူ ကတော့ တကယ့်ကို ခွစာပဲ၊ ဒီတစ်ခါပဲ မိန်းကလေး တစ်ယောက် နဲ့ ဖြစ် ဖြစ်မြောက်မြောက် စကားပြောတာ မြင်ဖူးသေးတယ်”

“အဟင်း…ဟင်း…ဟင်း”

ရွှဲရန်နိုင်ထံမှ ရက်၍ ရယ်သံ ထွက်လာ၏ ”

“အလုပ် ဆိုရင်လဲ သူများ တွေ က ရန်ကုန်မှာ လုပ်ချင်ကြတယ် ၊ ဒီကောင်ကြီး ကတော့ ဘယ်သူမှ မသွားချင်တဲ့တောထဲ တောင်ထဲ နယ်မြေရပ်ခြားတွေ ကိုမှ သွားချင်တယ်….

“ခုလဲ ဒီ မင်္ဂလာဆောင်ကိုကော့ မလာ မ ဖြစ်ဘူးလို့ အတင်း ရာဇသံပေးတာနဲ့

ရောလာတာ ခင်ဗျ”

“ ကိုရေ....”

ခင်ခင်လေး သူတို့ စားပွဲဆီသို့ ရောက်လာသည်။

“ဘာပြောမလို့လဲ ခင်လေး”

“ခင်လေး တစ်ခု စိတ်ကူးရလာတယ်၊ ဒီည ကိုကို့ဌာနက လူကြီးတွေ ရယ်၊ နိုင်ငံခြားက ဧည့်သည်တွေ ကို ဖိတ်ထားတဲ့ ပွဲမှာ ကိုလွမ်းမောင်မောင်တို့ အဖွဲ့ကို ထည့်လိုက်ရင် ကောင်းမလားလို့”

“ဟာ ....သိပ်ကောင်းတာပေါ့ ၊လုပ်လေ ခင်လေး”

“ခင်းလေးက မြူး ဝင်ဆိုမယ်ဆိုမှ အစီအစဥ်ကို လုပ်မှာ ”

“အို ..မြူး ၊မဆိုနိုင်လဲ တခြားလူတွေ ရှိပါတယ် ခင်လေး”

“ဟင့်အင်း..ဟင့်အင်း၊ ခင်လေးက မြူး ရဲ့ ပရိသတ် တစ်ယောက် ၊ မြူး ကို အားပေးချင်တယ်...

“မြူး က ခင်လေးတို့ ဧည့်ခံပွဲကို ချီးမြှင့်ပါကွယ်နော် နော်လို့”

ခင်ခင်လေးသည် ပန်မြူး ဝေ၏ လက်ကလေးများ ကို ဆုပ်ကိုင်ကာ ကလေးဆိုးကြီးလို လုပ်နေ၏ ။

“ခင်လေး တောင်းတောင်းပန်ပန် လူ တစ်ယောက် ကို ခေါ်တာ ကိုကိုတော့ ဒီတစ်ခါပဲ တွေ့ဖူးသေးတာကို ၊ ကို တွေ့ဖူးရင် စွဲသွားမယ် သိလား”

“ခင်လေးက ဘယ်တုန်းက တွေ့ဖူးလို့လဲ”

“ရွှေတိဂုံ တပေါင်းပွဲမှာ တွေ့ဖူးတာပေါ့၊ အဲဒီ ကတည်းက မြူး က ခင်းလေး အသည်းကျော် ဖြစ်သွားတာ”

“သြော်...အကြောင်းက ဒီလိုကိုး”

“ကဲပါ…မြူး ဆိုမယ် မဟုတ်လား ၊ ခင်လေးတို့ ဆရာ လွမ်းမောင်မောင်ကို ပြောလိုက်မယ်”

“ဆိုပါလား မြူး ၊ တောထဲ တောင်ထဲက လူလဲ ခင်ခင်လေးပြောတာ ဟုတ် မဟုတ် သိသွားချင်တဲ့ ဆန္ဒရှိလာ လို့ပါ”

ဇွဲရန်နိုင်ကပါ ဝင်ပြောလာသဖြင့် .....

“မြူး …မြူး ဆိုပါမယ့်ရှင်”

“ကဲ …အောင်ပြီ….အောင်ပြီ …ကိုရေ၊ ဆရာလွမ်းမောင်မောင်ကို ညပွဲဆက်ဖို့ သွားပြောပေတော့ ၊တော် ကြာ သူ့လူတွေ ပြန်ကုန်ဦးမယ်”

ဒေါက်တာ မင်းအောင်လည်း ချက်ချင်း နေရာမှ ထ, ကာ ဝိုင်းခေါင်းဆောင် ဆရာလွမ်းမောင်မောင်နှင့် ညှိနှိုင်းတိုင်ပင် လိုက်တော့သည်။

မရည်ရွယ်ဘဲ နှစ် ပွဲဆက်ရမည် မို့ ဆရာလွမ်းမောင်မောင်နှင့် အဖွဲ့သားများ ဝမ်းသာမဆုံး ဖြစ်သွားကြတော့သည်။

ပန်မြူး ဝေကြောင့် ကိစ္စ ဖြစ်မြောက်သည့်အတွက် သူတို့အားလုံး ပန်မြူး ဝေကို ကျေးဇူးတင်မဆုံးလည်း ဖြစ်နေကြသည်။

“ကဲ…ကျော်ကျော်စိုးက သစ္စာနဲ့ မြူး ကို အဆောင်ပြန်ပို့ပေးလိုက် ၊ ကျန်လူတွေ ကတော့ ဒေါက်တာမင်းအောင်ရဲ့ ကနိရိပ်သာလမ်းက ပန်းခြံမှာ ဝိုင်းနေရာချဖို့ သွားစီစဉ်ကြ….

“အိမ့်တို့ မေရီတို့ ၊ ယုမော်တို့က အိမ်ပြန်ပြီး နားကြ ပါတီက ရှစ်နာရီမှာ စ, မှာ နော်”

“လာ…သွားကြမယ်၊ မြူး ”

“မြူး ကို ခွင့်ပြုပါဦး”

"ကောင်းပါပြီး ခင်ဗျာ"

ပန်မြူး ဝေသည် သစ္စာနှင့် အတူ ကျော်ကျော်စိုးနောက်သို့ လိုက်လာခဲ့၏ ။

"အောင်မလေးလေး နာလိုက်တာ၊ ဘာလုပ်တာလဲ မြူး ရဲ့ "

ပန်မြူး ဝေသည် ကားပေါ်တွင် ထိုင်ပြီးသည်နှင့် တစ်ပြိုင်နက် သစ္စာ၏ ပေါင်ကို ခပ်နာနာလိမ်ဆွဲပစ်လိုက်သည်။

"ဘယ်လို ဖြစ်ကြတာလဲ"

ကျော်ကျော်စိုးက နောက်သို့ လှည့်ကြည့်ရင်းမေးလိုက်သည်။

"အကြောင်းရှိလို့ပေါ့"

"အောင်မလေး သိပြီ၊ သိပြီ...သူ့ကို ဟိုလူကြီးနဲ့ နှစ် ယောက် တည်း ထားခဲ့လို့ နေမှာ "

"ဟေး...ဟုတ်သားပဲ၊ အဲဒီ လူက ဘယ်သူလဲ ၊တကယ်ကို ခန့်ခန့်ချောချောကြီးပဲ"

"မြူး နဲ့ ဆို သိပ်လိုက်တယ် မဟုတ်လား ကိုကျော်ကျော်စိုး"

"သစ္စာနော် ဒီတစ်ခါဆိုရင် ပေါင်ပဲ့မယ်"

"အေး...အဲဒါ တို့လဲ ပြောမလို့"

"ကျော်ကျော်စိုးနော် နောက်ကနေ ဖရက်(ရ်) အဲဘူးနဲ့ ကောက်ထုပစ်လိုက်မယ် နော်၊ လိုက်မစ,နဲ့ "

"အဲဒါ စိတ်ထဲ ကတော့ စ,ပါ စ,ပါနဲ့ ပြောနေတာ ကိုကျော်ကျော်စိုးရေ၊ အောင်မလေး.... အလား...လား နာလိုက်တာ"

"ကဲ...စ,ချင်ဦး...စ,ချင်ဦး"

"ချစ်လို့စတာပါ၊ ကိုယ်တို့အားလုံးကမြူး ကို သိပ်ချစ်ကြတာ မဟုတ်လား"

သက်သီးဆုပ်ကလေးဖြင့် ထုနက်နေတော့ ပန်မြူး ဝေကို စိတ်မဆိုးဘဲ ဟိုရှောင်သည်ရှောင် လုပ်ရင်း သစ္စာက ရယ်မောနေ၏ ။

"မြူး တော့ ပွဦးမယ်ကွ သိလား"

"ဘာပွဦးမှာ လဲ"

"ဆရာ လွမ်းက မြူး ကြောင့် ညပွဲ ဆက်လိုက်ရလို့ အားလုံးစုပြီး လက်ဆောင်ကောင်းကောင်း မြူး ကို ပေးမလို့တဲ့ဗျ"

"အို ...မဟုတ်တာ၊ မြူး မလိုချင်ပါဘူး"

"ဝိုင်းဝန်း ချီးမြှင့်တာကို မြူး ဘယ်လက်မခံချင်လို့ ဖြစ်မလဲ၊ ဟုတ်တယ် မဟုတ်လား သစ္စာ"

"သိပ်ဟုတ်တာပေါ့"

"ဟော့ မြူး ဒီညတော့ ခေတ်ဆန်ဆန် စတိုင်နဲ့ ဆိုနော်၊ ဘာဝတ်မှာ လဲ"

"ကိုကျော်ကျော်စိုး အသာနေပါ ၊ မြူး ကို သစ္စာ အပြတ် ဆင်ပေးလိုက် မယ်၊ ညကျတော့ တွေ့မှာ ပေါ့"

သို့နှင်း အဆောင်သို့ ပြန်ရော်လာကြ၏ ၊

"မြူး .....ဆင်ဗင်းမှာ အသင့် လုပ်ထားနော်"

"အိုကေ..."

"ကိုယ် သွားမယ်"

မြူး က ခေါင်းညိတ်ပြလိုက်သည်။

ကျော်ကျော်စိုး၏ ကားကလေး မြူး တို့ အဆောင်ရှေ့မှ ပြန်လည်

ထွက်ခွာသွား၏ ။

*

(၄)

"ဘယ်လိုလဲ လူပျိုကြီး ၊ တယ်ငေါင်နေပါလား ၊တန်တော့ ဟိုရွှေမင်းသမီး ကလေးဆီကို စိတ်ရောက်နေပြီ ထင်တယ်"

"အဟွန်."

နှုတ်ခမ်းကလေး လွန့်ရုံသာ ပြုံး လိုက်ပြီး ဖွဲရန်နိုင်သည့် လက်ဝါးချင်း ပွတ်ခြေနေ၏ ။

"ကိုယ့်လူ ရှက်နေပုံမယ် ခင်လေးရာ ၊ မ,စပါနဲ့ "

ဒေါက်တာ မင်းအောင်က သူ့၏ ဇနီးချောကလေး၏ နံဘေးတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

"ကို ..မသိဘူး၊ ဒီပွဲမှာ မှ စွံအောင်မထုတ်ရင် တို့ သူငယ်ချင်းကြီး တိုက်ဆွေး ဖြစ်သွားလိမ့်မယ် သိလား"

"ဟာ ခင်လေး ကတော့ လုပ်ပြီ"

"တကယ်ပြောနေတာ၊ ခင်လေးက ကိုဖွဲနဲ့ ပန်မြူး ဝေ ပိုရင်းနှီးသွားအောင် ဆိုပြီး ဒီည ဧည့်ခံပွဲမှာ တမင်တီဝိုင်း ထည့်လိုက်တာ သိလား"

"ကိုယ့် မိန်းမ ကတော့ အကွက်ချ သိပ်ကောင်းတာပဲကွာ ၊ တွေ့တယ်မဟုတ်လား ၊ အင်းလျားလိပ်မှာ ထွင်သွားတဲ့ အကွက်ကလေးတွေ အဟင်း....ဟင်း"

"ဒါနဲ့ ကိုဖွဲကြီး....ကောင်မလေးနဲ့ ဘာတွေ ပြောနေကြတာလဲ ဟင်"

"အဟော...အထွေအထူးတော့ ဘာမှ မဟုတ်ပါဘူး၊ အလာပသလ္လာတွေ ပါပဲ"

"ညံ့ လိုက်တာကွာ၊ ဒိတ်ကလေး ဘားလေး လုပ်ဖို့ အခွင့်အရေး မရခဲ့ဘူးလား"

"ဟာ...တွေ့ တွေ့ ချင်း မင်း ဥစ္စာကလဲ မဟုတ်သေးပါဘူး ဖိုးမင်းရ၊

ဒေါက်မြင့်ဖိနပ်စာ မိနေပါဦးမယ်”

“ဟုတ်သားပဲ ကိုကလဲ စတက်ဘိုင် စတက်သွားရမယ့် ဥစ္စာ၊ မြူး က သိပ်ကျွန်ရှိတယ်၊ အပေါ်စားထဲက ဟုတ်ဟန် မတူဘူး”

“ဟုတ်တယ်...မြူး က အင်မတန် သိမ့်မွေ့ နူးညံ့တဲ့ မိန်းကလေး တစ်ယောက် ဆိုတာ ကျွန်တော် အကဲခတ်လို့ ရခဲ့ပါတယ် ခင်လေး”

“ဟ....ကိုယ့်ကောင်က တကယ့် အတည်ပေါက်ကြီးနဲ့ ပြောနေတာပါလား ဟေ...”

“ဟုတ်တယ် ဖိုးမင်း ၊ ကိုယ်တော့ ကောင်မလေးကို တွေ့တွေ့ချင်း သိပ် စိတ်ဝင်စားသွားပြီ”

“အဟင်း..ဟင်း...ဟင်း...ခင်လေး သိတယ်နော်၊ ဒါကြောင့် လဲ လမ်းခင်းပေးနေတာ၊ ကိုဇွဲကြီး စွံအောင်သာ လုပ်ပေတော့”

“ဆုံးဖြတ်ထားပါတယ်”

“ဟ ကောင်ကြီး....ဒါနဲ့ မင်းက မ,ဆိုရင် ခြေမ၊ လက်မတောင် တတ်နိုင်ရင် ဖြတ်ပစ်ချင်တာဆို...”

“အို...ကိုကလဲ မိန်းမ တစ်ယောက် မကောင်းတာနဲ့ မိန်းမတိုင်း မကောင်းဘူးလို့ ထင်ခဲ့တာ မှားနေကြောင်း သိလာလို့ပေါ့၊ မဟုတ်ဘူးလား ကိုဇွဲ”

“အဟင်း....ဟင်း....ဟင်.... ဟုတ်တယ်...ဟုတ်တယ်၊ ခင်လေး ပြောတာ ဟုတ်တယ်၊ ခြေမ မကောင်း ခြေမ ဖြတ်၊ လက်မ မကောင်း လက်မ ဖြတ်ရမှန်း ဒီနေ့မှ ကျွန်တော် သဘောပေါက်လာတယ်”

“ဟုတ်ပြီး...ငါ့ကောင်ကြီးတော့ ဟုတ်နေပြီ၊ ခင်လေးရေ ဒီကောင်ကြီး ဘယ်လောက်ဝေးဝေး ပြေးနိုင်မလဲလို့ ၊တတ်နိုင်တဲ့ဘက်က ပါရမီ ဖြည့်လိုက်စမ်းပါ မိန်းမရာ”

“စိတ်ချ ခင်လေးက ပါရမီဖြည့်ဖို့ စဉ်းစားထားပြီးသား....

“ကောင်မလေးက တကယ့်ကို နုနုငယ်ငယ်လေးနဲ့ လှတာ ကတော့ အမှန်ပဲ”

“ဟုတ်တယ် ကို၊ သူ့ အသားအရေကလေးက ဝင်းညက်ပြီး မွတ်နေတာပဲ၊ သူ့မျက်လုံး၊ မျက်ခုံး ၊ နှာတံနဲ့ ပါးစပ်ကလေးကလဲ သိပ်လှတာပဲ…”

“အနီးကပ် ကြည့်မှကာမှ သူ ဘယ်လောက် အဆင့်ပြေပြေ လှတယ်ဆိုတာကို ခင်လေးလဲ သိရတော့တယ်”

“အင်း…ခင်လေးက မိန်းမချင်း ဒီလောက် ချီးမွမ်းထောပနာပြုနေမှတော့ ဟိုကောင်ကြီး စိတ်ထဲမှာ ဘယ်လောက်များ ကောင်မလေး အလှတွေ ကို စာဖွဲ့နေမလဲ မသိဘူး”

“ဟဲ့ …အောင်မလေး၊ သွားနားကြပါဆိုတာ ၊ ဘာတွေ များ လေဖောနေကြတယ် မသိဘူး ၊ ငါ့နှယ်နော်”

ခင်ခင်လေး၏ မာမီ ဒေါ်ခင်ခင်ကြီးက အပေါ်ထပ် ဧည့်ခန်းထဲတွင် စကား ထိုင်ပြောနေကြသော ဒေါက်တာမင်းအောင်တို့ သုံးဦးကို ဆူလိုက်သဖြင့် အားလုံး ဇက်ပု သွားကြ၏ ။

“ဟို နှစ် ယောက် သွားနားကြဦး၊ ခုပဲ ဘယ်အချိန် ရှိပြီလဲ၊ ပြင်ရဆင်ရဖို့ အချိန်က ပေးရဦးမှာ ”

ခင်ခင်မလေး ထိုင်ရာမှ ထ, သွား၏ ။

“ဖိုးရွှဲ…မစ္စတာ ယာမာတို့ အဖွဲ့ကို အချိန်နီးတော့ မင်းပဲ ကိုယ်တိုင် သွားကြို လိုက်နော်”

“စိတ်ချ ဖိုးမင်း၊ ကိုယ်ကိုယ်တိုင်ပဲ သွားကြိုလာခဲ့မှာ ပါ”

“ကိုယ် ခဏ သွားနားလိုက်ဦးမယ်”

“ကွာ …ကွာ”

ခင်ခင်လေး ရှိရာ မင်္ဂလာ အခမ်းအနား ပြင်ဆင်ထားရာ အိမ်ခန်းဆီသို့ ဒေါက်တာမင်းအောင် ထ, လိုက်သွားတော့သည်။

ဒေါက်တာ ဇွဲရန်နိုင်သည် သူ့ရှေ့ စားပွဲပေါ်မှ ငါးသုံးလုံး စီကရက်ဘူးကို လှမ်းယူပြီး တစ်လိပ် ထုတ်ယူလိုက်သည်။

အဆင်ချောမွေ့ ပြည့်စုံစွာ ဖြင့် ဇနီးမောင်နှံ ဘဝသို့ ရောက်ရှိသွားသော သူငယ်ချင်းအတွက် ဝမ်းသာကြည်နူးခြင်း ဖြစ်ရသလို အားကျခြင်းလည်း ဖြစ်လာ၏ ။

ဒေါက်တာ ဇွဲရန်နိုင်သည် ခင်ခင်လေးနှင့် မင်းအောင် နေရာတွင် သူနှင့် ပန်မြူး ဝေကို အစားထိုးကြည့်ရင်း စိတ်ကူးတွေ ယဉ်နေမိတော့သည်။

"မင်းလေးကို သိပ်ချစ်နေမိပြီး မြူး ရယ်"

ဒေါက်တာ ဇွဲရန်နိုင်၏ အသည်းတံခါးမှ အာမခံသော့ကြီး ပြုတ်ကျ၍ ဟင်းလင်းပွင့်လေပြီ"

"ဘဝဟောင်းက ဆုတောင်းကြောင်းပဲ ထင်ပါရဲ့ မြူး ရယ်၊ မင်းလေးကို အစ်ကို ရူးမတတ် ချစ်နေမိပြီ....

"မင်းအတွက် အစ်ကိုဟာ ကံကောင်းစွာ နဲ့ ပထမဦးဆုံးသော ချစ်သူ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

ဇွဲရန်နိုင်၏ ရင်ထဲတွင် လေးခနဲ့ ရှတ်ခြည်း ဖြစ်သွားမိသည်။

"သိပ်လှတဲ့ မြူး ရယ်... အစ်ကို ခုမှ စဉ်းစားမိတယ် ၊ မြူး မှာ အစ်ကို့ထက် ဦးတဲ့ ချစ်ဦးသူများ ရှိနေသလား..

"အို ...ဒုက္ခပဲ...ဒုက္ခပဲ၊ ဒါ.....ဒါဆိုရင် ငါ ဘယ်လိုလုပ်မလဲ၊ ငါ....ငါ ရူးသွားနိုင်တယ်"

အတွေးသည် ရင်ကို ပူလောင်သွားစေ၏ ။

မကုန်သေးသော စီးကရက်ကို ပြာခွက်ထဲသို့ ထိုးခြေပြီး သူ ထ ၊ ရပ်လိုက်မိသည်။

ရုတ်တရက် ဆောက်တည်ရာ မရသော စိတ်ဖြင့် ထ, လျှောက်ကာ ပြတင်းပေါက်တစ်ခုတွင် သွားရပ်လိုက်မိ၏ ။

အင်းလျားကန်ပြင်ဆီမှ တိုက်ခတ်လာသော လေအေးသည် သူ့ကို တိုးဝှေ့၍ ဧည့်ခန်းတွင်းသို့ ဝင်နေ၏ ။

"ဟဲလို...ဟဲလို...တက်စတင်...တက်စတင်၊ ဟဲလို..ဟဲလို"

မိုက်ခွက်ကို အသံစမ်းနေတသော အသံကြောင့် ဇွဲရန်နိုင်၏ မျက်လုံးများ အိမ်ရှေ့မြက်ခင်းဆီသို့ ရောက်ရှိသွား၏ ။

စားပွဲကုလားထိုင်တွေ နှင့် အလှအပတွေ ၊ မီးသီးရောင် တွေ ဆင်ထားသော အိမ်ရှေ့မြက်ခင်း တစ်နေရာတွင် မွန်းလိုက်စတား တေးဂီတ အဖွဲ့၏ စင်မြင့်သည် ပီပြင်လှပစွာ ခင်းကျင်း ပြီးစီးသွားပြီး ဖြစ်သည်။

ထိုစင်မြင့်ပေါ်တွင် အဖွဲ့သားတစ်ဦးက မိုက်ခွက် စမ်းသပ်နေ၏ ။

"ဟဲလို....ဟဲလို...တက်စတင်..တက်စတင်၊ ဟဲလို...ဟလို.."

"အင်း...ပြန်လည် ဆုံတွေ့ရဦးမယ်၊ အစ်ကို့ အတွက် မင်္ဂလာနေ့မြတ်ကြီးပါပဲ မြူး ...

"ဒီနေ့ကို အင်မတန် မင်္ဂလာရှိလာတဲ့ ရက်မြတ်တစ်ရက်လို့ အစ်ကို မှတ်တမ်းတင်လိုက်မိပါပြီ"

ဇွဲရန်နိုင်သည် ပိတ်သွားပြီး ဖြစ်သော အသစ်စက်စက် မင်္ဂလာမောင်နှံတို့၏ အိပ်ခန်းတံခါးကို တစ်ချက် လှမ်းကြည့်ပြီး မိမိ၏ အိပ်ခန်းရှိရာ အောက်ထပ်သို့ ပေါ့ဖွသော ခြေလှမ်းများ ဖြင့် ဆင်းခဲ့တော့သည်။

*

(၅)

ဒေါက်တာ ဇွဲရန်နိုင် တစ်ယောက် ရင်မောစွာ ဖြင့် အချိန်တွေ ကို စောင့်ဆိုင်းနေခဲ့ရ၏ ။

သူတို့ ဌာနသို့ နိုင်ငံခြားမှာ လေ့လာရေး ရောရှိလာသော အဖွဲ့သည် ပွဲဆက်များ နေသဖြင့် စထရင်း ဟိုတယ်မှ ရှစ်နာရီ ထိုးခါနီး လောက်မှ ထွက်လာနိုင်ခဲ့၏ ။

"အင်း......ခုလောက်ဆို မြူး သီချင်းများ ဆိုပြီးလောက်ပြီးလား မသိဘူး"

ကားကို မောင်းရင်း စိတ်က ပန်းမြူး ဝေထံသို့ ရောက်နေမိ၏ ၊

မိနစ် နှစ် ဆယ်ခန့်သာ အချိန်၏ အဆုံးတွင် ကန်ရိပ်သာလမ်းရှိ အသစ်စက်စက် တစ်ထပ်ခွဲ တိုက်ကလေးရှေ့သို့ ကားကလေး ဆိုက်ရောက်လာသည်။

ကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် သာယာ ကြည်အေးသော တေးသံတစ်ခုသည် ဇွဲရန်နိုင်၏ အာရုံထဲသို့ ရောက်ရှိလာ၏ ။

"တိမ်တွေ ပျံလာတာ မော့ကြည့်လို့ သီချင်းဆိုတာ ကောင်းတယ်xxxမင်းကြောင်မို့ xxxမင်းကြောင့် မို့ သီးချင်းဟစ်လို့ ဆိုချင်တယ်xxxမြေပြင်ပေါ်မှာ လူတွေ အားလုံးပေါ့ ပြုံး ပျော် နေကြ သလားကွယ်xxx တေးဂီတ စင်မြင့်ပေါ်တွင် ရွှေရောင် ဖိတ်ဖိတ် တောက်နေသော အဝတ်အစားတွေ နှင့် နက်မှော င်သော ဆံပင်ကို ဖားလျားချကာ ရွှေရောင် နားကွင်းကြီး ပန်ဆင်ထားသူ နဖူးတွင် ရွှေရောင် နဖူးစည်းကလေးကို စည်း၍ မိုက်ခွက်ကို ကိုင်ပြီး မြူး ကြွစွာ သီဆိုနေသူကလေး တစ်ဦး ...

သူ အလှ၊ သူ ဟန်နှင့် သူ့အသံတွင် ဧည့်ခံပွဲလာ ဧည့်သည်အဖွဲ့လည်း မိုးတိုး မတ်တတ်ရပ်ကာ စင်မြင့်ဆီသို့ ကြည့်နေမိလိုက်ကြ၏ ။

"သူ ဘယ်သူပါလဲ"

ဧည့်သည် မစ္စတာ ယာမာမိုတိုက ဇွဲရန်နိုင်ကို အင်္ဂလိပ် ဘာသာစကားဖြင့် မေးလာ၏ ။

“ကျွန်တော် တို့ မြန်မာနိုင်ငံက စတီရီယို အဆိုကျော် တစ်ဦး ဖြစ်တဲ့ ပန်မြူး ဝေပါ“ ဟု ဇွဲရန်နိုင်က ဖြေလိုက်သည်။

“သူ့ သိပ် လှတယ်၊ အသံလဲ သိပ် ကောင်းတယ် မစ္စတာ ဇွဲ”

“ဟုတ်ကဲ့၊ လူတိုင်း သူ့ကို ဒီလိုပဲ ချီးကျူး ကြပါတယ်၊ ထိုင်ကြပါ....ထိုင်ကြပါ”

ဇွဲရန်နိုင်က ဧည့်သည်များ ကို အနီးရှိ စားပွဲတွင် နေရာချပေးလိုက် သည်။

အဆိုကျော် ဟေမာနေဝင်း၏ ပန်းမြူး ဝေ သီဆို သီချင်းကို ပြီးဆုံးသွားသည့်တွင် လက်ခုပ်သံများ ဆူညံသွား၏ ။

မစ္စတာ ယာမာမိုတိုကလည်း လက်ခုပ်တီး၍ သြဘာပေးပြီး...

“ဝမ်း(စ်) မိုး...ဝမ်း(စ်)မိုး”

“နောက်တစ်ပုဒ်...နောက်ထပ် တစ်ပုဒ်” ဟု ဟစ်အော်ကာ ပွဲတောင်းလာ၏ ။

မိမိ ဝါသနာ ပါလှသော တေးဂီတတွင် ပြန်လည်၍ ရှာန်ဝင်နေပြီ ဖြစ်သော ပန်မြူး ဝေသည် အထူး ဧည့်သည် မစ္စတာ ယာမာမိုတိုအတွက် အင်္ဂလိပ် သီချင်းတစ်ပုဒ်ကို လှပန္တဲ့နှောင်းသော ကိုယ်ဟန် အနေအထားဖြင့် သီဆို ပေးလိုက် သည်။

“ဘဲရီဂွတ်....ဘဲရီဂွတ် အိမ်(စ်)လင့်”

မစ္စတာ ယာမာမိုတိုသည် ချီးကျူး ထောမနာ ပြုပြီး စင်မြင့်ပေါ်သို့ တက်ကာ ပန်းမြူး ဝေအား အမှတ်တရ လက်ဆောင်အ ဖြစ် ရင်ထိုးကလေး တစ်ခုကို ပေးအပ်လိုက်သည်။

“သိုင်း ကယူ..သိုင်း ကယူ ဘဲရီးမတ်ချ် ဆာ”

ပန်မြူး ဝေကလည်း ကျေးဇူးတင်ကြောင်း ခွန်းတုံ့ ပြန်လိုက်သည်။

သစ္စာက အထူး သီသန့် ထားသော စားပွဲတစ်ခုဆီသို့ သီဆိုရသော မောပန်းသွားပြီး ဖြစ်သော ပန်မြူး ဝေကို ခေါ်ဆောင် လာခဲ့သည်။

"ထိုင်...မြူး ၊ သိပ် ပင်ပန်းသွားသလား"

"မောတော့ မောတယ်၊ ဒါပေမယ့် မြူး သိပ် ပျော်တယ် သစ္စာ"

ပန်မြူး ဝေက သူ့ မျက်နှာပေါ်က ချွေးကလေးများ ကို လက်ကိုင်ပဝါဖြင့် တို့ရင်း ပြုံး ၍ ပြောလိုက်သည်။

ဒေါက်တာဇွဲရန်နိုင်သည် ဖန်ခွက် လှလှ ရှည်ရှည် တစ်ခွက်တွင် လိမ္မော်ရည်ကို ကိုယ်တိုင် ဖျော်စပ်လာပြီး ငွေလင်းပန်းကလေး တစ်ချပ်ပေါ်တွင် တင်ကာ ပန်းမြူး ဝေ၏ စားပွဲဆီသို့ ရောက်ရှိလာ၏ ။

"ဩော်...အစ်ကိုဇွဲ ထိုင်ဦးလေ"

"ဦးဇွဲရန်နိုင်က မျက်နှာလိုက်တယ် ၊ လိမ္မော်ရည်က မြူး တစ်ယောက် တည်း အတွက်ပဲလား"

"အဟင်း...ဟင်း...ဟင်း..မြူး သီချင်း ဆိုရတာ သိပ်မောသွားပုံရလို့ ကတိုက်ကရိုက် ယူလာမိလို့ပါ၊ သစ္စာအတွက် အစ်ကို ထပ်ပြီး သွားယူပေးပါ့မယ်"

"နေပါစေတော့ ဦးဇွဲရန်နိုင်ရယ်၊ သစ္စာ စပါကလင်ပဲ သွားသောက်လိုက်ပါတော့မယ်"

"သစ္စာ..ဟေ့"

သစ္စာနေရာမှ လုစ်ခနဲ့ ထ, ထွက်သွား၏ ။

ပန်မြူး ဝေ လှန်းတားသော် လည်း မရလိုက်။

"သောက်လိုက်ပါဦး မြူး "

"ဟုတ်..ဟုတ်ကဲ့ အစ်ကို"

"မြုး ရယ်..ဒီ အဝတ်အစား၊ ဒီအပြင်အဆင်တွေ နဲ့ မြုး လို့တောင် အစ်ကို မထင်မိဘူး"

"မြုး နဲ့ မလိုက်လို့လား အစ်ကိုရွှဲ"

"အိုး.....မဟုတ်ပါဘူး ၊ ဘယ်လိုပဲ ဝတ်ဝတ် ဘယ်လိုပဲ ပြင်ပြင် မြုး ကတော့ သိပ်ကို လှနေတာပဲ"

ပန်မြုး ဝေ ရှက်သွား၏ ၊

မျက်လွှာကလေးချပြီး လိမ္မော်ရည်ခွက်ကို ကိုင်ထားနေ၏ ။

"မစ္စတာ ယာမာမိုတို ကတော့ မြုး ကို တအားကို ချီးကျူး သွားတာပဲ ၊ အစ်ကိုလဲ မြုး ကို ဆုချချင်တယ်"

ပြောပြောဆိုဆို ဒေါက်တာရွှဲရန်နိုင်သည် သူ့ ဘယ်ဘက် လက်သူကြွယ်တွင် ဝတ်ဆင်ထားသော မိုးကုပ်ပုံ ပတ္တမြား တစ်လုံး လက်စွပ်ကို ချွတ်ယူလိုက်သည်။

"အို ...ဒါ....ဒါ ဘာလုပ်တာလဲ အစ်ကိုရွှဲ"

ပန်မြုး ဝေသည် သူ့ဆီသို့ ကမ်းပေးနေသော လက်စွပ် ကလေးကိုကြည့်ပြီး ဖြူးဝိုင်းနေသော မျက်လုံးကလေးများ ဖြင့် ရွှဲရန်နိုင် မျက်နှာကို ကြည့်လိုက်သည်။

"မြုး ကို ဆုချတာပါ"

"အို...မဟုတ်တာ ..ဒီ....ဒီလောက်ကြီးကိုတော့ မြုး လက်မခံပါရစေနဲ့ အစ်ကိုရွှဲ"

ပန်မြုး ဝေက ကိုယ်ကလေးနောက်သို့ ရုပ်လိုက်ပြီး ငြင်းဆန်လိုက်သည်။

"စေတနာသန့်သန့်နဲ့ ဆုချတာကို မြုး လက်မခံလို့ ဘယ်ရမလဲ၊ တန်ဖိုးကြီးသည် ဖြစ်စေ၊ နည်းသည် ဖြစ်စေ သဒ္ဒါကြည်ဖြူစွာ နဲ့ ပေးဆက်လာတာကို မြုး လက်ခံရမှာ ပေါ့"

"ဟို...မြုး ..မြုး "

"ဟော...ကိုဇွဲကြီး မြူး ကို ဘာတွေ ဆုချနေတာလဲ"

"ကိုယ့်လက်စွပ်ကိုပါ ခင်လေး"

"ဟ...ပွဲတာပဲ၊ ယူလိုက်..ယူလိုက်၊ပေး"

"အို ခင်လေး ၊မြူး ...မြူး "

ဆိုးဆိုးဆတ်ဆတ်ဖြင့် ခင်ခင်လေးသည် ဇွဲရန်နိုင်၏ လက်မှ လက်စွပ်ကို ယူပြီး ပန်းမြူး ဝေ၏ ဘယ်လက်လက်ညှိုး တွင် တပ်ဆင်ပေးလိုက် ၏ ။

ပန်မြူး ဝေ ငြင်းဆန်ချိန် မရလိုက်တော့ပါ"

"အဟင်း...ဟင်း....ခင်လေးကလဲ မြူး ကို ဆုချဖို့လာတာ ရော့....အင့်"

ရွှေသား အစစ်ဖြင့် ပြုလုပ်ထားသော ပုလဲရင်ထိုး လှလှကလေး တစ်ခု။

ဘူးကလေးလည်း လှပသော ကတ္တီပါ နက်ပြာရောက်ကလေး။

"အို...တန်ဖိုးကြီးတဲ့ ပစ္စည်းတွ မြူး ...မြူး ဘယ်လို ပြောရမှန်း မသိတော့ဘူး"

"ဘာမှ မပြောနဲ့ ၊ယူသာ ယူထားလိုက် ဒီလောက် ကတော့ တစ်ဦးတည်းသော သူဌေးသမီး ခင်ခင်လေး အတွက် အကင်းပဲ ရှိတယ် အဟင်း...ဟင်း"

ဇွဲရန်နိုင်က ပြောလိုက်သည်။

"မိုးကုတ်က သူဌေးသား ဦးဇွဲရန်နိုင် အတွက်လဲ မြူး လက်က ပတ္တမြားလက်စွပ်က အကင်းပါ သိလား၊ ကိုဇွဲကြီးက ထပ်ချီးမြှင့်ဖို့ ကောင်းတယ်"

"အို....တော် ပါပြီ..တော် ပါပြီ ..ဒီလောက်ဆိုရင်တောင် များ လှပါပြီး"

ပန်မြူး ဝေက ခေါင်းခါခါ လက်ကာကာဖြင့် အကြောက်အကန် ငြင်းဆန်လိုက်၏ ။

မြူး ရယ် သိပ်ကျေးဇူးတင်တာပဲ သိလား၊ ဒီညပေးတဲ့ ပါတီမှာ မြူး တို့

အဖွဲ့ပါလိုက်တာ ၊ သိပ်ဟန်ကျသွားတယ်၊ ဧည့်တွေ ကလဲ သိပ် စိတ်ဝင်စားပြီး ပျော်သွားကြတယ်”

“ဟုတ်ကဲ့..ခုလို ကြားရတာ မြူး လဲ သိပ်ဝမ်းသာပါတယ် ခင်လေး”

“ဟော...ကို ခေါ်နေတယ် မြူး တို့ စကားပြောကြဦးနော်၊ ခင်လေး ခဏ သွားလိုက်ဦးမယ်”

“မြူး အပန်းပြေသွားအောင် ကန်လေကလေး ရှူလိုက်ပါလား၊ အစ်ကိုတို့ ဟိုဘက်လမ်း ခဏ လျှောက်ကြည့်အောင်”

“လျှောက်လေ”

ပန်မြူး ဝေသည် ဇွဲရန်နိုင်နှင့် အတူ ကန်ရေပြင်မှ သုတ်သုတ် ဖြူး ဖြူး တိုက်ခတ်လာနေသေ လေများ ရှိရာဘက်သို့ ထ, လျှောက်ခဲ့သည်။

လူသံ သူသံ ၊ပုလင်းသံ ဖန်ခွက်သံများ ၊တေဂီတသံများ ဖြင့် အတန်ငယ် ဝေးကွာသော နေရာရှိ ထိုင်ခုံ တစ်ခုတွင် ဇွဲရန်နိုင်က ထိုင်လိုက်သည်။

“ထိုင်ပါ မြူး ”

ပန်မြူး ဝေလည်း ခုံ၏ တစ်ဘက်စွန်းတွင် အသာ ဝင်ထိုင်လိုက်သည်။

“လေတိုက်လာတာ အေးတယ်နော်”

“ဟုတ်ကဲ့..”

”ဖိုးမင်းက ကံကောင်းတယ်၊ သူ့ ယောက္ခမတွေ က ဒီခြံကြီးနဲ့ ဒီတိုက်ကို သူတို့အတွက် လက်ဖွဲ့ပေးထားတာ”

“ဩော် ...ဟုတ်လား”

“ခင်ခင်လေးရဲ့ မိဘများ က အစ်ကိုတို့ မိုးကုတ်ကပဲ၊ အစဉ်အဆက် အတော် ချမ်းသာလာကြတဲ့ လူတွေ ပဲ....

"ခင်ခင်လေးက တစ်ဦးတည်းသော သမီးလေး ၊ဘူမိဗေဒ ဘွဲ့တက်ရင်း ဆရာနဲ့ တပည့် တွေ ့သွားကြတာပဲ၊ အဟင်း...ဟင်း"

"နှစ် ယောက် စလုံး ကံကောင်းကြပါတယ်၊ လိုက်လဲ သိပ်လိုက်ကြပါတယ်"

"ဒါနဲ့ မြူး ၊ မြူး အကြောင်း အစ်ကို သိချင်တယ်၊ မြူး ပြောပြနိုင်မလား ဟင်.."

ပန်မြူး ဝေ၏ ရင်ထဲတွင် သိမ့်ခနဲ့ တုန်သွားသည်။

"မြူး နဲ့ အစ်ကို ခွဲက ဒီနေ့ သိပြီး မနက်ဖြန် ကွဲသွားကြမယ့် လူတွေ ပဲ ၊ မြူး အကြောင်း သိစရာ ဘာမှ လိုမယ် မထင်ပါဘူး"

"အို ...ဘယ်နှယ် ပြောလိုက်တာလဲ မြူး ရယ် ၊ အစ်ကိုက ဒီနေ့က စပြီး တစ်သက်လုံး မြူး ကို သိသွားချင်တဲ့ လူ တစ်ယောက် ပါ"

ရှေ့သို့ ဆက်လာမည့် ခရီးကို ပန်မြူး ဝေ သိလာသည်။

ထိုအသိကြောင့် တုန်လှုပ် ချောက်ချားမှု ဖြစ်လာ၏ ။

မြူး ထိုင်ရာမှ ဆတ်ခနဲ့ ထ, လိုက်ပါသည်။

"မြူး ဟာ သာမာန် မိန်းကလေး တစ်ယောက် ပေမယ့် ချော့တိုင်းလဲ မပျော့ဘူး ၊ မြှောက်တိုင်းလဲ မမြောက်တတ်ဘူး ဦးခွဲရန်နိုင်...

"သဘောလွယ် အပြောလွယ်တဲ့ အစားထဲကလဲ မဟုတ်ဘူး၊ မြူး အပန်းပြေသွားပြီ၊ သစ္စာတို့ဆီ ပြန်သွားတော့မယ်။

မြူး ...မြူး .....အထင်မလွဲပါနဲ့ မြူး ရယ် ၊မြူး ကို အစ်ကို အစ်ကို...

ရှေ့က ထွက်သွားသော ပန်မြူး ဝေ၏ လက်ကို လှမ်းဆွဲထားလိုက်မည် အပြုပြီးမှ ခွဲရန်နိုင် သည် အရှိန်သတ်လိုက်၏ ။

ပန်မြူး ဝေ သူ့ကို အထင်မှား သွားလေပြီမို့ သူ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏ ။

ပန်မြူး ဝေ ကတော့ တဖြည်းဖြည်းနှင့် သူ့ ရှေ့မှ ပျောက်ကွယ်သွားနေ၏ ။

ခင်ခင်လေးကို ပြောပြီး ပန်မြူး ဝေ ကျေနပ်လောက်အောင် တောင်းပန်ရန် ထွက်လာသော အခါ ခင်သစ္စာနှင့် ပန်မြူး ဝေသည် ကျော်ကျော်စိုး မောင်းနှင်းသော ကားပေါ်တွင် ပါသွားပြီး ဖြစ်သည်။

ရင်ထဲတွင် ဟိုက်မောသွားရ၏ ။

“ကိုဇွဲ….”

“ခင်လေး”

”ဒီမှာ …”

“ဟင် …”

စက္ကူလက်သုတ်ပဝါ လှလှကလေးဖြင့် ထုပ်ထားသော သူ့လက်စွပ်။

စောစောက ပန်မြူး ဝေ၏ လက်ချောင်း လှလှကလေးပေါ်တွင် ရှိနေသော သူ့ လက်စွက်။

ခုတော့ စက္ကူလက်သုတ်ပဝါပေါ်တွင် ဝတ်ဆင်သူ မဲ့နေ၏ ။

“အဲဒီ မှာ စာရေး ထားတယ်”

ဦးဇွဲရန်နိုင်

မြူး အသက် နှစ် ဆယ်ပဲ ရှိသေးပေမယ့် ဆန့်ကျင်ဘက် ယောကျ်ားတွေ ့ရဲ့ သဘော မနောကို မြူး ကောင်းကောင်း တီးခေါက် တတ်ပါတယ်…။

ပြဿ နာတွေ ရှည်မထွက်ခင် လမ်းခွဲကြတာ ကောင်းပါတယ်၊ လက်စွပ် ထားခဲ့ပါတယ်။

ပန်းမြူး ဝေ

ဇွဲရန်နိုင်သည် စက္ကူကလေးကို လက်တွင် အကြောပြိုင်းပြိုင်း ထ, အောင် ဆုပ်ကိုင်ရင်း ဦးခေါင်း ငိုက်စိုက်ကျနေတော့၏ ။

"ကိုဇွဲ ....ဧည့်သည်တွေ ရှိနေသေးတယ်၊ ဝတ္တရား ပျက်ရင် မကောင်းဘူး ၊ ဧည့်ခံလိုက်ပါဦးနော်၊ ပြီးတော့မှ ခင်လေးတို့ တိုင်ပင်ကြတာပေါ့"

ခင်ခင်လေးက သူ့လက်မောင်းကို ကိုင်၍ လှုပ်ကာ ပြောလာသဖြင့် ဇွဲရန်နိုင်လည်း သူ့စိတ်ကို ပြန်တင်းလိုက်သည်။

"ကောင်းပါပြီး ခင်လေး"

မစ္စတာ ယာမာမိုတိုတို့ စားပွဲဆီသို့ သူ့ခြေဦးကို ဇွဲရန်နိုင်က လှည့်လိုက်သည်။

*

"ဂွတ်နိုက် မြူး ၊ မနက်ဖြန်မှ တွေ့ကြမယ်"

"အင်း...."

ပန်မြူး ဝေသည် "အင်း" တစ်လုံးချပြီး ရှေ့ဆုံးကနေ အဆောင်ခန်း ရှိရာသို့ လျှန်မြန်စွာ ထွက်ခွာသွား၏ ။

သူ့နောက်ကို သစ္စာကလည်း အမီလိုက်ခဲ့သည်။

ပန်မြူး ဝေသည် အိပ်ခန်းတံခါး ပွင့်သွားသည်နှင့် တစ်ပြိုင်နက် ခုတင်ဆီသို့ ပြေးကာ ပစ်မှော က်၍ ငိုပါလေတော့သည်။

"အဟင့်......ဟင့်.....ဟင့်၊ အဟင့်....ဟင့်.......ဟင့်"

"အို...ဘယ်လို ဖြစ်တာလဲ မြူး ၊ ဘာ ဖြစ်တယ်ဆိုတာလဲ သစ္စာကို ပြောပါဦး"

သစ္စာက သူ့ ကိုယ်ကလေးကို ဆွဲလှည့်ကာ မျက်စိအတင်း မှိတ်ထားသော

မျက်နှာကလေးကို ကြည့်၍ မေးနေ၏ ။

“အဟင်....ဟင့်...ဟင့်....ဟင့်”

ပန်မြူး ဝေသည် တဟင့်ဟင့်နှင့် ငိုရှိုက်မဆုံး။

“မြူး ဟိုလူကြီး မြူး ကို ဘာလုပ်လိုက်လို့လဲ၊ သစ္စာ ခု ဖုန်းဆက်ပြီး အပြတ်တွယ်ပစ်မယ်”

“အို....သ...သစ္စာ”

ပန်မြူး ဝေက ဒေါ်နှင့် မောနှင့် ဖုန်းဆက်ရန် ဟန်ပြင်လိုက်သော သစ္စာ၏ လက်ကို လှမ်းဆွဲထားလိုက်သည်။

“မ....မဆက်ပါနဲ့၊ သူ...သူမြူး ကို ဘာမှ မလုပ်ပါဘူး”

“နေစမ်းပါဦး၊ ဘာမှ မလုပ်ဘဲနဲ့ ဒီလောက်တောင် ဝမ်းနည်း ပန်းနည်း ဘာငိုစရာရှိလဲ ဟင် မြူး မြူး က မဟုတ်သေးပါဘူး”

“မြူး ....မြူး သိပ် ဝမ်းနည်းသွားမိလို့ပါ၊ သ...သစ္စာရယ်”

“ဘာကို ဝမ်းနည်းတာလဲ၊ သူက ဝမ်းနည်းစရာ ဘာကိုများ ပြောလိုက်လို့လဲ ဟင်”

“မြူး အကြောင်း သူက သူ့ကို ပြောပြပါတဲ့၊ သစ္စာ သိ...သိတယ် မဟုတ်လား၊ အဲဒီ လို အကြောင်းတွေ ကနေ စပြီး နောက်ဆုံးကျတော့ မြူး ကို ချစ်...ချစ်ရေး ဆိုလာမှာကို....”

“ချစ်ရေး ဆိုလာတော့ ဘာ ဖြစ်သလဲ၊ အပျိုကို လူပျိုက ချစ်ရေး ဆိုတာ ဆန်းသလား မြူး ရယ်”

“သစ္စာ မသိဘူး၊ မြူး ...မြူး လိမ်မပြောတတ်ပါဘူး။

“မှန်တာကိုဝန်ခံရရင် မြူး လေ မြူး နေ့လယ်က သူ့ကို စတွေ့ကတည်းက

စိတ်ထဲမှာ စွဲလမ်းသွားမိခဲ့တယ်”

“ဟင်...”

သစ္စာ တွန့်ခနဲ့ ဖြစ်သွားပြီး ၊မျက်လုံးများ ဝိုင်းစက်စွာ ဖြင့် ပန်မြူး ဝေ၏ မျက်နှာကို ကြည့်နေ၏ ။

“ဒါပေမယ့် ဘာ ဖြစ်လို့မှန်း မသိဘူး ၊ သူက မြူး ကို ချစ်ရေး ဆိုလာမှာ ကိုတော့ မြူး ကြောက်တယ်”

“မြူး ဘာ ဖြစ်လို့ ကြောက်တာလဲ”

“မသိဘူး ၊ အို ....မသိဘူး ၊ မြူး ကြောက်တယ်၊ မြူး ကြောက်တာပဲ သိတယ်၊ အဟင့်...ဟင်...ဟင့်”

“သြော်..မြူး ရယ်”

သစ္စာက တစ်ခါတစ်ခါ အလွန်စိတ်အားငယ်တတ်လေရှိသော ပန်မြူး ဝေ၏ အကြောင်းကို သိထားနေသူမို့ သူ့ ကိုယ်လုံးကလေးကို တင်းကျပ်စွာ ဖက်၍ နှစ်သိမ့်လိုက်သည်။

“မြူး ဘာတွေ အစိုးရိမ် လွန်နေတယ် ဆိုတာ သစ္စာ သိပါတယ်၊ သူ့ အသိုင်းဝိုင်းနဲ့ ကိုယ့် အသိုင်းဝိုင်း မတူတာကို မဟုတ်လား”

“အင်း...”

“သူ့ ဘဝ အခြေအနေနဲ့ ကိုယ့်ဘဝ အခြေအနေ မတူကြတာလဲ ပါတယ်မဟုတ်လား”

“အင်း..”

“အဆိုးဆုံး ကတော့ ဝင်းမာဦးတို့လို ပါးစပ်မျိုး ကို ကြောက်တာ မဟုတ်လား”

“အင်း.....ဟုတ်တယ်...ဟုတ်တယ်....၊အဲဒါကို ကြောက်ဆုံး၊ မြူး ပတ်ဝန်းကျင်ကို

အကြောက်ဆုံး”

“သဘောထား သေးသိမ်တဲ့ ယောကျ်ား တစ်ယောက် မဟုတ်ရင် ပြီးတာပဲ မဟုတ်လား မြူး ရဲ့ ”

“ဘာပြောနိုင်မှာ လဲ ၊ တစ်နေ့ကျမှ အပြစ်မရှိ အပြစ်ရှာပြီး မြူး ကို သစ်စိမ်းချိုး ချိုး ရင်း ဘယ်နှယ့်လုပ်မလဲ....

“အို...မြူး သူ့ကို မစဉ်းစားတာဘဲ ကောင်းပါတယ် သစ္စာရယ်”

“ကဲ..ကဲ အဝတ်အစားလဲ ၊ မျက်နှာသစ်ပြီးတော့ အိပ်ဆေး တစ်လုံး သောက်ပြီး အိပ်လိုက်တော့.....

“မနက် မိုးလင်းလာရင် မြူး စိတ်သက်သာရာ သက်သာကြောင်း တွေ ့ချင်တွေ ့လာမှာ ပေါ့”

ပန်မြူး ဝေသည် သစ္စာ ပြောသည့် အတိုင်း အဝတ်အစားများ လဲလှယ်လိုက်ပြီး ကိုယ်လက်မျက်နှာ ဆေးကြောလိုက်၏ ။

ပြီးလျှင် သစ္စာ ထုတ်ပေးထားသော ဆေးတစ်လုံးကို သောက်ချလိုက်ပြီး ခုတင်ပေါ်သို့ တက်လိုက်သည်။

ဆေး သက်ရောက်မှု မရှိသေးသည့် အချိန်ကာလ တစ်ခုလုံးမှာ တော့ သူသည် တည်ငြိမ်ခန့်ညားလှသော ဒေါက်တာ ဇွဲရန်နိုင်၏ မျက်နှာကြီးကိုသာ မြင်ယောင်၍ နေမိ၏ ။

*

(၆)

ဒေါက်တာ ဇွဲရန်နိုင်သည် သူ့ ရှေ့စားပွဲပေါ်တွင် ချထားသော လက်စွပ်ကို ကြည့်ရင်း ဖန်ခွက်ထဲသို့ ဝီစကီ အရက်များ ငှဲ့ထည့်နေ၏ ။

ဆောဒါ မရောဘဲ မော့ချတော့မည့် သူ့ လက်ကို ဒေါက်တာ မင်းအောင်က ဆွဲထားလိုက်သည်။

"ဖိုးဇွဲ...မင်း များ နေပြီးကွာ"

"ငါ သောက်ပါရစေ ဖိုးမင်း ၊ မင်း သွားအိပ်ပါတော့"

"မင်းဟာလေ...လူကောင်ကြီးသလောက် စိတ်ဓာတ်က အလကားပဲ၊ မင်း ဒီလောက် ပျော့ညံ့မှန်း ငါ ခုမှ သိတယ်....."

"ဒါနဲ့ များ နာမည် က ဖိုးဇွဲလို့ မှည့်ထားရသေးတယ်ကွာ..."

"ကိုယ့်ကိုကိုယ်လဲ အံ့ဩမိပါတယ်၊ မြူး ကို တွေ့မှာ ငါ အရည်ပျော်သွားပြီး ဖိုးမင်း၊ ငါ အရည်ပျော်သွားပြီး ၊ မင်း ပြောချင်ရာ ပြောတော့..."

"တော် ပြီကွာ...ပုလင်း ငါ သိမ်းမယ်၊ မင်းကို ခင်လေး ပြောပြီးပြီ မဟုတ်လား ၊ ဒီကိစ္စ သူ ဝင်ပါပေးမယ်လို့"

"ငါက ဖြစ်နိုင်ရင် မြူး ကို မနက်ဖြန်တောင် လက်ထပ် ပစ်လိုက်ချင်တာ"

"ဟ...ဒါတော့ လွန်တာပေါ့ ကိုယ့်ကောင်၊ မင်းက ဟင်းရွက်ကန်စွန်း ဝယ်တယ်များ မှတ်နေသလား၊ ဟိုက မိန်းမသားဆိုတာလဲ သတိပြုပါဦး"

"နီး...နီး...တစ်ခုပဲ ကိုယ့်ခေါင်းထဲမှာ ရှိတယ် ၊ သူ့ကို လက်ထပ်ချင်တယ်၊ ငါ တစ်ယောက် ပဲ ပိုင်ချင်တယ်...

"သူ့ကို သူများ စေ့စေ့ ကြည့်တာတောင် ငါမကြိုက်..လုံးဝ မကြိုက်"

“ဖိုးရွဲ....ထ,တော့၊ထ,ကွာ”

ဒေါက်တာ မင်းအောင်သည် ရွှဲရန်နိုင်ကို အတင်း ဆွဲထူပြီး အောက်ထပ်ရှိ သူ့အတွက် စီစဥ်ထားသော အိပ်ခန်းသို့ ခေါ်ဆောင်လာခဲ့၏ ။

ခုတင်ဆီသို့ ရောက်လျှင် ရွှဲရန်နိုင်သည် ဝုန်းခနဲ ပစ်လှဲပစ်လိုက်သည်။

“ဟူး....ဒီကောင်ကြီးတော့ ခင်နေပါပြီး”

ဒေါက်တာမင်းအောင်သည် ခေါင်းတယမ်းယမ်းလုပ်ပြီ သူ့ကို စောင့်မျှော်နေမည် ဖြစ်သော သတို့သမီး ခင်ခင်လေးရှိရာ အပေါ်ထပ်သို့ တက်ခဲ့၏ ။

ခမ်းနားအိပ်စက်သော အိပ်ရာပေါ်တွင် ခင်ခင်လေးသည် ပန်းနုရောင် ညဝတ်အင်္ကျီကလေးကို ဝတ်ပြီး ပြာလဲ့လဲ့ မီးသီးကလေးကို ထွန်းကာ နဖူးပေါ် လက်တင်၍ လှဲနေ၏ ။

“ခင်လေး...”

“ကို...”

ခုတင်စွန်းတွင် ထိုင်လာသော ခင်ပွန်းသည်ကို ခင်ခင်လေးက ကြည့်လိုက်သည်။

“ဒီကောင်ကြီး ပန်မြူး ဝေကို တကယ် စွဲလမ်းသွားတာပါ၊ အဲဒါ လယ်လို လုပ်ကြမလဲ”

“ခင်လေးလဲ အဲဒါပဲ စဉ်းစားနေတာ ၊ မနက်ဖြန်ကျရင်တော့ ခင်လေး သူ့ လက်စွပ်ကို မြူး ဆီ ပြန်ရောက်အောင် ပို့ပေးပါ့မယ်”

“အေးကွာ....ကူညီလိုက်စမ်းပါ၊ ဒီကောင်ကြီး ရူးသွားမှာ တောင် ကြောက်ရတယ်၊ အရက်ဆိုတာကို ပါတီတို့၊ မိတ်ဆုံစားပွဲတို့မှာ မကောင်းတတ်လို့ တစ်ငုံ တစ်ကျိုက်သောက် တတ်ရုံပဲ ရှိတာ...

“ခုတော့ကွာ...ရေတံလျှောက်ကျနေတာပဲ ၊ သောက်နေလိုက်တာ”

“ကိုတို့ သူငယ်ချင်းနှစ် ယောက် က လိုက်လဲ လိုက်ပါတယ်၊ ချစ်မိပြီးဆိုရင် ကမ္ဘာ့ရှုထိုးချည်းပဲ”

ခင်ခင်လေးက မျက်နှက်ကလေး ထောင့်ကပ်ကာ ချစ်စဖွယ် အမူအရာ ကလေးဖြင့် ဒေါက်တာ မင်းအောင်ကို ပြောလိုက်သည်။

“ဒါ ကတော့ ချစ်တာကိုးဗျ”

ဒေါက်တာမင်းအောင်က ပြောပြောဆိုဆို ဇနီးချောကလေးကို သူ့ရင်ခွင်ဆီသို့ ပွေ့ယူလိုက်၏ ။

အဆင်ပြေသူများ အတွက်တော့ လောကသည် နိဗ္ဗာန်ဘုံ တစ်ခု။

*

“မြူး ဧည့်ခန်းထဲမှာ ခင်ခင်လေး ရောက်နေတယ်”

“ဟင်....ဟုတ်လား”

ပန်မြူး ဝေသည် နက်မှော င် ရှင်သန်လှသော ဆံပင်ကို ဖြီးသင်ရောမှ ထ, ရပ်လိုက်သည်။

“မြူး ဘာလုပ်ရမလဲ ဟင်...သစ္စာ”

“ဆင်းတွေ့ သင့်ပါတယ် မြူး ”

“မြူး မျက်နှာပူလိုက်တာ သစ္စာရယ်”

“ပူမနေနဲ့ ၊ အားနာစရာကြီး ၊ ဆင်းတော့ တွေ့ သင့်တယ်”

“သစ္စာလဲ လိုက်ခဲ့”

"ဟင့်အင်း ကိုယ်ဘာသာ ကိုယ် သွား၊ ဟိုက ဘာပြောချင်လို့ လာမှန်း မသိဘဲနဲ့ "

ပန်မြူး ဝေလည်း ဘီးကုပ် ဆင်စွယ်ရောင် ကလေးကို ခေါင်းတွင် တပ်ဆင်လိုက်ပြီး အောက်ထပ် ဧည့်ခန်းရှိရာသို့ ဆင်းလာခဲ့သည်။

လက်ဖောင်း ဘလောက်(စ်) အင်္ကျီပန်းရောင် နှင့် ချည်အင်းလေးလုံးချည် နက်ပြာရောင် ကလေးကို ဝတ်ဆင်ပြီး ခါးလယ်ကျော်ကျော် ရှည်သော ဆံပင်ကို ဖားလျားချထားသော ပန်မြူး ဝေသည် အလွန်ကြည့်၍ ကောင်းသော အသွင်တွင် ရှိနေ၏ ။

မိတ်ကက်မခြယ် ၊ နှုတ်ခမ်းမဆိုးဘဲနှင့် လည်း ပန်မြူး ဝေသည် လှနိုင်သူ တစ်ယောက် ၊

"မြူး ရယ်....မြူး က ရောင် စုံမီးရောင် တွေ အောက်မှာ လဲ သိပ်လှတာပဲ ၊ ခုလို နေ့ အလင်းရောင် အောက်မှာ လဲ သိပ်လှတာပဲ၊ မြူး က တကယ့်ကို ပါရမီ ထူးတဲ့ သူပဲ"

ပန်မြူး ဝေသည် ရှက်ဝဲဝဲကလေး ပြုံး ပြီ ခင်ခင်လေး နှင့် မျက်နှာချင်းဆိုင် ဝင်ထိုက်လိုက်သည်။

"လှည်းတန်းဈေးမှာ ဝယ်စရာကလေး ရှိတာ လာဝယ်ရင်း မြူး ဆီကို ဝင်လာခဲ့တာ"

"ဒေါက်တာကော ပါလာသလား ဟင်"

"ကို ကျန်ရစ်ခဲ့တယ်၊ ကိုဌေးကြီး အိပ်ရာက မထ, နိုင်လို့"

"ဟင်.....သူ....သူဘာ ဖြစ်လို့လဲ ဟင်"

ရုတ်တရက် စိုးရိမ်စိတ် လွတ်ထွက်သွား၏ ။

ခင်ခင်လေးက သဘောပေါက် နားလည်စွာ ဖြင့် ကျိတ်၍ ပီတိ ဖြစ်သွား၏ ။

"ညက မသောက် စ,ဘူး၊ အရက်တွေ လိမ့်သောက်ပြီး ခု ခေါင်းတွေ ကိုက်တာ

အိပ်ရာက မထ,နိုင်အောင် ဖြစ်နေတယ် မြူး ရဲ့ ”

ပန်းမြူး ဝေ၏ မျက်နှာ နုနု ငယ်ငယ်ကလေး ရုတ်ခြည်း ညှိုး ကျသွား၏ ။

“မြူး ရယ် ကိုဖွဲ့က လူရိုး လူဖြောင့်ကြီးပါ ၊ မြူး ကို သူ တကယ် သန့်ရှင်းတဲ့ စိတ်နဲ့ ခင်တွယ်တာပါ ၊ အထင်မလွဲ ပါနဲ့ ကွယ်။

“ဒီ လက်စွပ်ကို မြူး ပြန်ပေးခဲ့တာ သူ ဝမ်းအနည်းဆုံး ဖြစ်နေတယ်၊ မြူး သူ့ကို နောင် မခေါ်ချင်ရင် နေပါ ၊ သူ လက်ဆောင်ပေးတဲ့ လက်စွပ်ကိုတော့ မငြင်းပါနဲ့ ကွယ်.....

“မြူး လက်ခံပါ မြူး ရယ် နော်၊ ခင်လေး မြူး လက်ခံအောင် ဆောင်ရွက်ပေးပါမယ် ဆိုပြီ ယူလာခဲ့ပါတယ်၊ မြူး ပြန်ဝတ်ထားပါနော်”

ခင်ခင်လေးသည် ဒုတိယအကြိမ် ပန်မြူး ဝေ၏ ဘယ်ဘက် လက်သူကြွယ်တွင် လက်စွပ်ကို ပြန်လည် ဝတ်ဆင်ပေးလိုက် သည်။

ပန်မြူး ဝေသည် ဦးခေါင်းကလေးကို တွင် တွင် ငုံ့ထားနေ၏ ။

“မြူး အဝတ်အစား လဲထားတာ အပြင်ထွက်မလို့လား ဟင်“

“မြူး အလုပ် သွားမလို့ပါ ခင်လေး”

“မြူး အလုပ်သွားမယ် ၊ မြူး က ဘယ်ရုံမှာ အလုပ် လုပ်နေတာလဲ ဟင်”

“ရုံးမှာ မဟုတ်ပါဘူး ခင်လေး၊ မိုလ်ချုပ်ဈေးထဲက ပိုးထည်ဆိုင် တစ်ဆိုင်မှာ ပါ ၊ မြူး က ဆယ်တန်း မအောင်တော့ အစိုးရဝန်ထမ်း အလုပ် မရဘူးလေ”

“ဘာအလုပ်ပဲ ဖြစ် ဖြစ် အလုပ်မှန်သမျှ ဂုဏ်ရှိတာပါပဲ မြူး ရဲ့ ၊ ခင်လေးက ထင်နေတာ မြူး အဆိုတော် ပဲ လုပ်နေတာလို့ ”

“အစ ကတော့ အဆိုတော် အလုပ်ပဲ လုပ်ပါတယ် ၊ ခုတော့ မဆိုချင်တော့တာနဲ့ သစ္စာရဲ့ အဒေါ် ဆိုင်မှာ ဝင်လုပ်လိုက်တာ....

“ခင်လေးရဲ့ ခင်ပွန်းက အတင်း တောင်းပန်တာနဲ့ ခင်လေးတို့

မင်္ဂလာဆောင်ကို မြူး တမင် လာဆို ပေးတာပါ”

“အို….ကျေးဇူးတင်လိုက်တာ မြူး ရယ်၊ နောင်ကိုလဲ ခင်လေးကို မြူး ခင်ခင် မင်မင် ဆက်ဆံပါနော်”

“ဟုတ်ကဲ့ပါ ခင်လေး”

“ခင်လေးတို့လဲ မိုးကုတ်က ဘိုးဘိုး ဘွားဘွားတို့ဆီ ကန်တော့ဖို့ သွားရင်း ဟန်းနီးမွန်း ထွက်မလို့ မြူး ရဲ့၊ ဒီနေ့လယ်ပဲ သွားကြမှာ ”

“ဩော်…သူတို့ မရှိကြတော့ဘူး ဆိုတာ အစ်ကိုဇွဲလဲ သွားတော့မှာ ပေါ့”

ပန်မြူး ဝေ၏ စိတ်ထဲတွင် တစ်မျိုး ကြီး ဖြစ်သွားသည်။

အမည် မသိသော ဝေဒနာ တစ်ခု။

“မြူး အလုပ်ချိန် နောက်ကျနေမလား မသိဘူး၊ ခင်လေး လိုက်ပို့ ပေးရမလား ဟင်”

“အို…နေပါစေ ခင်လေး၊ မြူး ဘာသာပဲ မြူး သွားပါ့မယ်”

“ဒါဖြင့် ကားဂိတ်အထိ လိုက်ခဲ့လေ ၊ လာပါ မြူး ရဲ့ ခင်လေး ပို့ပေးချင်လို့ပါ”

“ဒါဖြင့် လဲ မြူး ဆလင်းဘက် သွားယူလိုက်ဦးမယ်၊ ခဏ နော်”

ပန်းမြူး ဝေသည် သူ့ အိပ်ခန်းဆီသို့ ပြေးတက်သွားပြီး ခုတင်ပေါ်တွင် အသင့် ချထားသော ဆလင်းဘက် အဖြူကလေးကို ကောက်ယူလိုက်သည်။

“ဒါ…ဘယ်လဲ”

ရေချိုး ခန်းထဲမှ ထွက်လာသော သစ္စာက မေးလိုက်သည်။

“ခင်လေးက ကားဂိတ်အထိ လိုက်ပို့ ပေးမယ်လို့ အတင်း ပြောနေလို့”

“သွားတော့မယ်ပေါ့”

သစ္စာ၏ မျက်နှာက မချိုမချဉ်။

"အင်း..."

"ပြေလည်သွားပြီလို့ ယူဆရမှာ ပေါ့နော်"

"ဘာကိုလဲ"

"ဟွန်း"

သစ္စာက ပန်မြူး ဝေ၏ ဖြူဝင်းသော လက်သူကြွယ်လေး ပေါ်တွင် ပန်းရစ္စာ တည်ရှိနေသော လက်စွပ်ကို မေးငေါ့၍ ပြလိုက်သည်။

ပန်းမြူး ဝေ၏ မျက်နှာကလေး ရဲတွတ်သွား၏ ။

"အဟင်း....ဟင်း.....ဟင်း...သွားတော့ ..သွားတော့၊ အောက်က စောင့်နေတဲ့ လူ အားနာစရာကြီး"

ပန်မြူး ဝေလည်း ချာခနဲ့ လှည့်၍ အခန်းထဲမှ ထွက်ခွာသွားတော့သည်။

"လာ...မြူး တက်"

ကား ရှေ့ခန်းတံခါးကို ပန်မြူး ဝေအတွက် ခင်လေးက ဖွင့်ပေးလိုက် သည်။

"ခင်လေး စျေးဝယ်လို့ ပြီးခဲ့ပြီးလား"

"ပြီးခဲ့ပါပြီ"

"မနေ့က ခင်းလေးတော့ တော် တော် ပင်းပန်းမှာ ပဲနော်"

"ပင်ပန်းတာလဲ မပြောနဲ့ တော့ ၊ ပျော်တာလဲ မပြောနဲ့ တော့ မြူး ရေ ၊ ကိုယ် ကြိုက်တဲ့ သူကို ရတော့ လောကမှာ အပျော်ဆုံး လူ တစ်ယောက် ဖြစ်ခဲ့ရတာ ပေါ့..."

"ညက မာမီတို့လဲ အတော် ညဥ့်နက်မှ အိမ်ပြန်သွားကြတယ်၊ သြော်...ဒါနဲ့ ပြောရဦးမယ် ၊ မာမီတောင် မြူး ကို တော် တော် စိတ်ဝင်စားပြီး ချီးမွမ်းသွားတယ်...

"ခင်လေးကလဲ ခင်လေးရဲ့ ရင်ထိုး မြူး ကို လက်ဆောင်ပေးတဲ့ အကြောင်း၊ ကိုဖွဲကြီးက သူ ့ လက်စွပ်ကို ချီးမြှင့်တဲ့ အကြောင်း ပြောလိုက်တယ်....

"မာမီက ပြောတယ်၊ ဘွားဘွားတို့ခေတ်ကဆိုရင် ဦးဖိုးစိန်တို့များ ဇာတ်ကရင် ရွှေဒင်္ဂါးတွေ စိန် လက်စွပ်တွေ ၊ ဆွဲကြိုး တွေ ကို ရက်ရက်ရောရော ပေးပြီး ချီးမြှင့်တတ်ကြတယ်တဲ့"

"ဟုတ်လား"

ပန်မြူး ဝေ တစ်ယောက် တအံ့တသြကလေး ဖြစ်သွားပြီး၊ သူ့ လက်သူကြွယ်ပေါ်တွင် လှလှပပ ပန့်ရနေသော လက်စွပ်ကို ငုံ့ကြည့်လိုက်သည်။

"ခင်လေး ပေးတဲ့ ရင်ထိုးကိုလဲ တပ်ရမယ်နော်"

"အထူးတလည် သွားရမယ့် နေရာမျိုး ကျရင် မြူး တပ်ပါ့မယ် ခင်လေး"

"ဒါနဲ့ တေးဂီတလောကမှာ မြူး အောင်မြင်နေတာပဲ ၊ တလောကဆိုရင် ဗွီဒီယိုမင်းသမီးတောင် လုပ်တော့ မလိုလို အသံထွက်လာတာ၊ ခု ဘာ ဖြစ်လို့ မဆိုတော့တာလဲ ..ဟင်"

"မြူး မှာ ဘာအခက်အခဲများ ရှိနေသလဲ၊ ခင်လေး ကူညီနိုင်တာ ဆိုရင် ကူညီချင်ပါတယ်"

"ဘာရယ်လို့ မဟုတ်ပါဘူး ၊ မြူး စိတ်ကိုက ဒီပြင်အလုပ် တစ်ခုခု လုပ်ချင်တာနဲ့ မဆိုတော့တာပါ"

"မြူး ရဲ့ အနုပညာ အရည်အချင်းတွေ နမြောစရာကြီး မြူး ရာ၊ ဘာလဲ ပြောပြော ခင်လေး ကတော့ မြူး ကို အနုပညာ လောကမှာ အောင်မြင်တာပဲ မြင်ချင်တယ်၊ စဉ်စားပါဦးလား"

"ဟုတ်ကဲ့ မြူး စဉ်းစားပါ့မယ်၊ ကျေးဇူးပဲနော်၊ မြူး သွားမယ်"

"အိုကေ...မြူး "

ခင်ခင်လေး၏ ကားကလေး ကားဂိတ်ဆီမှ လျှောခနဲ့ ပြန်လည်လွှန်ခွာသွား၏ ။

ပန်မြူး ဝေလည်း ရောက်ရှိလာသော လိုင်းကားပေါ်သို့ တက်လိုက်သည်။

*